# “အဆိပ်ပင် ရေမလောင်း” စေလိုသော ဝါရင့်ချင်းတိုင်းရင်းသား ခေါင်းဆောင်များ နှင့် တွေ့ဆုံမေးမြန်းခြင်း

*B.A (Thang), Salai စီစဉ်တင်ဆက်သည်*

တကမ္ဘာလုံးမှစောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းပြည်ပမှ မြန်မာနိုင်ငံသားအများစုမှ မြန်မာစစ်အစိုးရ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်း သိမြင်ဝေဖန်နေကြပါသည်။ အသုံးပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရာလမ်းကြောင်းဖြစ်သော အမျိုးသားညီလာခံတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နှင့် နိုင်ငံရေးပါတီများမှ နည်းအမျိုးမျိုးဖြင့် တင်ပြတောင်းဆိုသော်လည်း လစ်လျူရှုခြင်းရသည်။

ထိုဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူတို့၏အသံ၊ လိုအပ်ချက်များကို ထင်ဟပ်ကာ ရေးဆွဲထားခြင်းမဟုတ်၊ အတည်ပြုထားခြင်းမဟုတ်။ ရေးဆွဲစဉ်ကာလတွင်ပင်လျှင် ပြောမရ၊ ဆိုမရသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ မကြာမီ ရက်ပိုင်းအတွင်း ကျင်းပတော့မည့် ရွေးကောက်ပွဲအားဖြင့် မြန်မာစစ်အစိုးရသည် မိမိတို့ရေးဆွဲခဲ့သော နဂစ်အခြေခံဥပဒေ ကို အသက်သွင်းကာ အာဏာရှင် စနစ်သက်ဆိုးရှည်အောင် ပြုလုပ်တော့မည်ဖြစ်သည်။

သို့ဖြစ်လင့်ကစား မြန်မာစစ်အစိုးရမှ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆိုင်းပြင်းနေသည့် နိုင်ငံရေးခေါင်းဆောင်များ၊ ပါတီများလည်းရှိနေပါသည်။ သို့ဖြစ်ပါသဖြင့် ယင်းရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်တွင်းမှ ချင်းခေါင်းဆောင်များ၏ ဤရွေးကောက်ပွဲအပေါ် သဘောထားအမြင်များကို တွေ့ဆုံမေးမြန်းပြီး အများပြည်သူတို့သိရှိ စေရန် **CHIN WORLD** မှ တင်ဆက်ခဲ့ပြီးဖြစ်ပါသည်။

စစ်အစိုးရမှ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲအပေါ် ပြည်သူလူထုအကြားတွင်၎င်း၊ နိုင်ငံရေး အဖွဲ့အစည်းများ နှင့် ခေါင်းဆောင်များအကြားတွင်၎င်း အယူအဆ သဘောထား အမြင်များသည် မတူကွဲပြားလျက်ရှိကြောင်း အများသိကြပြီး ဖြစ်ပါသည်။သို့ဖြစ်ပါသဖြင့် ၂၀၁၀ ရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် ခေါင်းဆောင်ကြီးများ၏ အမြင်သဘောထား တင်မကပဲ ယင်းရွေးကေက်ပွဲအား လက်မခံပဲ ကန့်ကွက်ကြသည့် ချင်းခေါင်းဆောင်များ၏ သဘောထားအမြင်များကိုပါ ပြည်သူတို့ သိသင့်သည်ဟု ယုံကြည်သည့်အလျောက် ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေး ဇာတ်ခုံပေါ်တွင် ပြည်တွင်း ပြည်ပမှ အခန်းကဏ္ဍ အမျိုးမျိုးတွင် ပါဝင်လှုပ်ရှား ဦးဆောင်နေကြသော ဝါရင့် ချင်းအမျိုးသား ခေါင်းဆောင် (၇) ဦး အား တွေ့ဆုံမေးမြန်းကာ သူတို့၏ ၂၀၁၀ ရွေးကောက်ပွဲ အပေါ် အမြင်များ သဘောထားများကို အများပြည်သူတို့ သိရှိစေရန် ရည်ရွယ်ပြီး CHIN WORLD (www.chinworld.info) မှ တင်ဆက်လိုက်ပါသည်။

CHIN WORLD မှ တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည့် ထိုချင်းတိုင်းရင်းသားခေါင်းဆောင်များမှာ– Pu Cin Sian Thang (MP), Pu Thawng Kho Thang (MP), Pu Lian Uk (MP), Dr. Za Hlei Thang (MP), Salai Kipp Kho Lian , Pu Nang Lian Thang & Mai Cheery Zahau တို့ဖြစ်ကြပါသည်။


Pu Cin Sian Thang


Pu Thawng Kho Thang


Pu Lian Uk


Dr. Za Hlei Thang


Salai Kipp Kho Lian


Pu Nang Lian Thang


Mai Cheery Zahau

*စစ်အာဏာရှင်သက်ဆိုးရှည်ဖို့ပဲ ရေးထားတာ ဖြစ်တယ်။ အဲဒါကိုအတည်ပြုပြီးသွားတယ်ဆိုရင် ပိုပြီးတော့ခက်ခဲမယ်။ ကျနော်တို့ တင်မကဘဲ နောင်လာနောက်သားများအတွက်လည်း ပိုပြီးခက်ခဲသွားမယ်*

ရွေးကောက်ပွဲဝင်ပြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဦးတောင်မှ– ဒီလွှတ်တော်ကိုယ်စားလှယ်က– တိုင်းပြည်အတွက် ဘာမှလုပ်နိုင်မှာမရှိဘူး။ လူမျိုး အတွက်ဘာမှ လုပ်နိုင်မှာလည်း မဟုတ်ဘူး

# **Pu Cin Sian Thang** *ပြောသော–* **၂၀၁၀ ရွေးကောက်ပွဲနှင့် စစ်အစိုးရခရီးစဉ်**

*( Pu Cin Sian Thang သည် ၁၉၆၀ တောင်ကြီးညီလာခံမှစတင်ကာ မြန်မာ့နိုင်ငံရေးလှိုင်းတံပိုးများအကြားတွင် အနေအထား အမျိုးမျိုးဖြင့် ပါဝင်နေသော ထင်ရှားသော နိုင်ငံရေးသမားကြီးဖြစ်သည်။ ၁၉၉၀ ရွေးကောက်ပွဲတွင်– ကိုယ်စားပြုလျက်– တီးတိန် မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) တွင် ရွေးချယ်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ် သည်)*




**CW** ။ ။ ဆိုင်းသံကြားရင်– မနေနိုင်ဆိုသလို၊ နိုင်ငံရေးသမားဆိုတာ– ရွေးကောက်ပွဲသံကြားရင်လည်း ဝင်ကချင်မှာ ပဲလို့ ကျနော်ကိုယ်ချင်းစာပါတယ်။ ဒါပေမယ့် ဘာကြောင့် ဒီ ၂၀၁၀ ရွေးကောက်ပွဲကို မစဉ်းစားတာလဲ။

**CST**။ ။၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူကိုယ်စားလှယ်တွေရေးဆွဲတဲ့ဖွဲ့စည်းပုံမဟုတ်ပါဘူး။ နအဖနဲ့ သူ့ ကိုယ်စား လှယ်တွေ ရေးဆွဲတဲ့ဖွဲ့စည်းပုံသာလျှင်ဖြစ်ပါတယ်။ နောက်ပြီး ဒီအခြေခံဥပဒေထဲက– ပုဒ်မ (၄၄၁) မှာ– အခုရွေးကောက်ပွဲ မှာထွက်လာမယ့် လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဒီအခြေခံဥပဒေကို အတည် ပြုဖို့လို့ပါပါတယ်။ ဆိုတော့ ဒီအခြေခံဥပဒေထဲမှာ– ကျနော်တို့လူမျိုးစုတွေအတွက် မပြောနဲ့– ပြည်ထောင် စု မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူလူထုအတွက် အကာအကွယ်ပေးတဲ့ ဥပဒေမဟုတ်ဘူး။ စစ်အာဏာရှင်သက် ဆိုးရှည်ဖို့ပဲ ရေးထားတာဖြစ်တယ်။ အဲဒါကိုအတည်ပြုပြီးသွားတယ်ဆိုရင် ပိုပြီးတော့ခက်ခဲမယ်။ ကျနော်တို့ တင်မကဘဲ နောင်လာနောက်သားများအတွက်လည်း ပိုပြီးခက်ခဲသွားမယ်။ အဲဒါကိုသိရက်နဲ့ အဲဒီအခြေခံ ဥပဒေရဲ့ ရွေးကောက်ပွဲကို ဝင်တာမကောင်းဘူးလို့ စဉ်းစား ဆုံးဖြတ်ခြင်းဖြစ်တယ်။

**CW**။ ။၂၀၁၀ ရွေးကောက်ပွဲဟာ ဒီမိုကရေစီလမ်းကြောင်းတခုဖြစ်တယ်လို့ယူဆပြောဆိုကာ ရွေးကောက်ပွဲ ဝင်ဖို့ ပြင်နေကြတဲ့ သူတွေ ရှိပါတယ်။ အဲဒီအပေါ်မှာ အန်ကယ့်အနေနဲ့ ဘယ်လိုပြောချင်ပါသလဲ။

**CST**။ ။ကျနော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်တွေပါ။ ဒါပေမယ့် ကျနော်တို့ဟာ အတိုက်အခံလို့ အခေါ်ခံရပါ တယ်။ အမှန်တော့ ဒီမိုကရေစီနိုင်ငံတွေမှာ ရွေးကောက်ပွဲနဲ့ အဆုံးသတ်ရတာ အမှန်ပါပဲ။ ပြည်ထောင်စု မြန်မာနိုင်ငံမှာ လူတွေက ရှေ့ဆက် ဘယ်လိုစခန်းသွားရမလဲဆိုတာကို စာချုပ်လုပ်ရတယ်။ စာချုပ် ဆိုတာ အရပ်သားစကားပါ။ ဥပဒေစကားနဲ့ဆိုရင် အခြေခံဥပဒေလို့ခေါ်ပါတယ်။ အဲဒီအခြေခံဥပဒေကို ပါတီပေါင်း စုံ၊လူမျိုးပေါင်းစုံ၊အဖွဲ့အစည်းပေါင်းစုံကရေးဆွဲရမှာဖြစ်ပါတယ်။ အဲဒါကို ပြည်သူကိုယ်စားလှယ်တွေကို ဘေး ချိတ်ထားတယ်။ လုံးဝမဟုတ်တဲ့အတွက် ထွက်တဲ့လူလည်း ရှိပါတယ်။ နအဖ ခေါင်းခေါက် ရွေးချယ်ထားတဲ့ လူတွေရေးတဲ့ ဥပဒေ။ ဒီဥပဒေကို သူတို့က နာဂစ်မုန်တိုင်းဖြစ်တဲ့အချိန်မှာ လုပ်တယ်။ အားလုံးတောင် မလုပ်ပဲနဲ့ တပိုင်းတစပဲလုပ်တယ်လို့ ကျနော်တို့ ယူဆပါတယ်။ ၉၂ ရာခိုင်နှုန်း က ထောက်ခံတယ်ဆိုပြီး ကြေငြာတယ်။ အရာရာ တဖက်သတ်ဖြစ်နေတဲ့ ဖွဲ့စည်းပုံကို အတည်ပြုဖို့ရန် အတွက်လုပ်တဲ့ ရွေးကောက် ပွဲဖြစ်နေတယ်။ ပြည်သူအများစုအတွက်မဟုတ်ပဲနဲ့ လူတစုရဲ့ လိုအင်ဆန္ဒ ကိုပြည့်ဝဖို့ရန်အတွက် လုပ်တာ ဖြစ်တယ်။ အဲဒါကို အားပေးတဲ့လူတွေက ပြည်သူ့ဆန္ဒကို မကြည့်ပဲနဲ့ သူ့ဟာသူလုပ်တာဖြစ်တယ်။ လက်ရှိ

အစိုးရလုပ်နေတာကို တရားတယ်၊ မှန်ကန်တယ် မကြည့်ပဲနဲ့ ဖော်လံဖားလုပ်နေတယ်လို့ မြင်ရပါတယ်။ ဒါကြောင့် ဒီအခြေခံဥပဒေမှာ ပြည်သူ့အတွက် ဘာတွေရေး ထားသလဲဆိုတာ မသိဘဲနဲ့ ဒီရွေးကောက်ပွဲဟာ ဘယ်လိုသဘောသက်ရောက်တယ်ဆိုတာ ဆန်းစစ်မှုမရှိပဲနဲ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဦးတော့ တိုင်းပြည်အတွက်၊လူမျိုးအတွက် ဘာအကျိုးလုပ်နိုင်မှာမို့လဲ ဆိုတာကို မကြည့်ပဲနဲ့ လုပ်တယ်လို့ မြင်ပါတယ်။

CW ။ ။ ဒီရွေးကောက်ပွဲကနေကော ဘာတွေများအပြောင်းအလဲဖြစ်သွားလာနိုင်မယ်လို့ အန်ကယ်ယုံကြည်ပါသလဲ။ ပြီးတော့ ပြည်သူလူထုအတွက်ကော– အကျိုးအမြတ်ရနိုင်မှုရှိမလား။ ဘာတွေများဖြစ်မလဲ။

CST။ ။ကျနော့်အမြင်ပြောရမယ်ဆိုရင်– ဒီရွေးကောက်ပွဲက– စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ဖို့ ပြုလုပ်တဲ့ ရွေးကောက်ပွဲ သာလျှင်ဖြစ်တယ်။ ဘာအပြောင်းအလဲမှမရှိဘူး။ လူပြောင်းရင်ပြောင်းမယ်။ မူကတော့ ပြောင်းမှာမဟုတ်ဘူး။ အာဏာရှင်စနစ် ဆက်လက်တည်ရှိမှာဖြစ်တယ်။ ရွေးကောက်ပွဲဝင်ပြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဦးတောင်မှ– ဒီလွှတ်တော်ကိုယ်စားလှယ်က– တိုင်းပြည်အတွက် ဘာမှလုပ် နိုင်မှာမရှိဘူး။ လူမျိုးအတွက်ဘာမှ လုပ်နိုင်မှာလည်း မဟုတ်ဘူး။ ဟိုဘက်ကနေ အပြည့်အဝကိုင်ထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရင် ရဖို့က– လခပေးရင် လခလောက်ပဲယူနိုင်မယ်။ အဲဒါလေးကို ယူပြီးတော့ ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်ကို ထားခဲ့ပြီး ဝင်တာသာလျှင် ဖြစ်ပါတယ်။ တခြားဘာမှ မမျှော်လင့်ပါနဲ့။

CW ။ ။ အနှစ် (၂၀) ဒီမိုကရေစီခရီးမှာ– ဘာတွေကိုအားရကျေနပ်မှုရှိသလဲ။ ဘာတွေကို မချင့်မရဲနဲ့ ယူကျုံးမရဖြစ်မိတာ ရှိပါသလဲ။

CST။ ။ပြည်သူလူထုရဲ့ကြိုးစားမှုနဲ့ထောက်ခံမှုကတော့ကျနော်အားအရဆုံးပါ။ ပါတီတွေကိုအမျိုးမျိုးဦးဆောင် နေတဲ့လူတွေ၊ ခေါင်းဆောင်တွေ၊ အမျိုးမျိုးအနှစ်နာခံတယ်။ အမျိုးမျိုး နှိပ်စက်တာခံတယ်။ ထောင်ချ ပြစ်လိုက်၊ ထောင်မချရင်လည်း နေရာတကာသွားလို့လာလို့ မရအောင် အမျိုးမျိုးချုပ်ချယ်တယ်။ ဒီလို ချုပ်ချယ်ထားပေမယ့် ကျနော်တို့ကို ထောက်ခံထားတဲ့ ပြည်သူလူထုကတော့ ယနေ့ထက်ထိ မပြတ် ဘူး။ အဲဒါကို အားရပါတယ်။ ဒီလို ကျနော်တို့လုပ်နေပေမယ့်လည်း သွားတဲ့လမ်းက မတူဘူး။ ပြည်သူ့ကို ခေါင်းဆောင်ပြီးတော့ နိုင်ငံရေးလုပ်တဲ့သူတွေက– ဘာကို အဓိကထားလဲဆိုတော့– နှလုံးရည်တိုက်ပွဲနဲ့သွားတယ်။ တိုင်းပြည် ကို အုပ်ချုပ်နေတဲ့သူတွေကတော့ နှလုံးရည်တိုက်ပွဲကို လုံးဝဂရုမစိုက်ပဲနဲ့ လက်ရုံးရည်နဲ့သွားတယ်။ ဖမ်းချင်ဖမ်းတယ်၊ သတ်ချင်သတ်တယ်။ အဲလိုဖြစ်နေတယ်။ ဆုံဆည်းဖို့ရာသိပ်မလွယ်တဲ့ ကိစ္စပဲ။ တိုင်းပြည်နဲ့လူမျိုးကို ချစ်တယ်ပြောပေမယ့်– ဒီလိုမူမျိုးနဲ့သွားတာကတော့ အနာဆုံးပဲလို့ ပြောချင်ပါ တယ်။

CW ။ ။ ချင်းလူမျိုးများအတွက် ရှေ့ဆက်ခရီးမှာ ဘာတွေလုပ်ဖို့ စဉ်းစားထားပါသလဲ။

CST။ ။ ကျနော်တို့တိုင်းပြည်က အခုနက ကျနော်ပြောသလိုဖြစ်နေပါတယ်။ အစတုန်းတော့ ကျနော်တို့ ပြည်ထောင်စုဖွဲ့စည်းဖို့ဖြစ်တယ်။ ပြည်ထောင်စုဆိုတာ အခေါ်အဝေါ်အမျိုးမျိုးရှိကောင်းရှိပေမယ့်– ဆိုလိုရင်းကတော့ ဟိုတုန်းက ကိုယ့်မင်းကိုယ့်ချင်းနဲ့ အုပ်ချုပ်နေတဲ့ တိုင်းပြည်တွေစုပေါင်းပြီး နိုင်ငံတနိုင်ငံ ဖြစ်အောင် လုပ်တာပါ။ တည်ထောင်တာပါ။ အဲဒါကို ဖက်ဒရယ်ခေါ်တယ်။ ကျနော်တို့လိုချင်တာကို ဆုံးခန်းတိုင်မရောက်သေးပါဘူး။ လမ်းခုလတ်မှာပြတ်နေတယ်။ ရည်ရွယ်ထားတဲ့အတိုင်းမရောက်ဘူး။ အခုဆိုရင် ဗမာနဲ့တိုင်းရင်းသားတွေ အမြင်တူလာတွေ အများကြီးရှိလာပါပြီ။ ဒီဟာတွေကို ဆုံးခန်းတိုင်ဖြစ်အောင် လုပ်ဖို့ ရည်ရွယ်ပါတယ်။ အဲဒီအတွက်လည်း ကြိုးစားနေတယ်ဆိုတာ ကျနော်ပြောချင်ပါတယ်။

CW။ ။ ချင်းပြည်သူများကို ဘာများ မှာကြားပြောကြားချင်ပါသလဲ။

CST။ ။ ကျနော်ပြောချင်တာက နိုင်ငံရေးမှာခြေစုံပစ်ဝင်တယ်ဆိုတာတကယ့်ကိုပဲ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး ကိုယ့်မိသားစုကိုထားခဲ့ပြီး တနည်းအားဖြင့် အစစအရာရာစွန့်လွှတ်ပြီး လုပ်ရတာဖြစ်တယ်။ တိုင်းပြည်အတွက်၊ ကိုယ့်လူမျိုးအတွက် မကောင်းတာတွေသိရက်သားနဲ့ လုပ်မယ်၊ဝင်မယ်ဆိုရင်တော့ နိုင်ငံရေး လို့ခေါ်ရမှာတောင် အားနာစရာကြီးဖြစ်တယ်။ နိုင်ငံရေးသမားလို့ အခေါ်ခံရမှာတောင် အားနာစရာ ကြီးဖြစ်တယ်။ တကယ်တော့– အဲဒီလိုခံယူချက်မရှိပဲနဲ့ နိုင်ငံရေးထဲမှာ ဝင်မယ်ဆိုလို့ရှိရင်လည်း မသင့်တော်တဲ့ နိုင်ငံရေးသမားဖြစ်မယ်ဆိုတာ– ကိုယ့်ဘာသာကိုယ် စဉ်းစားကြဖို့လိုပါလိမ့်မယ်။ အိန္ဒိယနိုင်ငံက မဟတ္တမဂန္ဒီတို့၊ ကျနော်တို့နိုင်ငံက ဗိုလ်ချုပ်အောင်ဆန်းတို့ကိုကြည့်ပါ။ သူတို့အတွက် ဘာမှမရှိ ဘူး။ သူ့အမွေ

www.chinland.info

ဆက်ခံတဲ့သမီးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကလည်း ယနေ့ထက်ထိ ခံနေတာနော်။ သူတို့အတွက် ဘာမှစစရာမရှိဘူး။ ဒါတွေဟာ နိုင်ငံရေးအစစ်ပဲ။ နိုင်ငံရေးအမှန်ပါ။ ကျနော်တို့ တိုင်းပြည်နဲ့လူမျိုးအတွက် မကောင်းမှန်းသိရက်သားနဲ့၊ ဒီအခြေခံဥပဒေကို သေချာမကြည့်ပဲနဲ့ ရွေးကောက် ပွဲဝင်ဖို့ တကဲကဲပြင်ဆင်နေတာလည်း– ကိုယ့်ကိုယ်ကို စဉ်းစားကြဖို့လိုတယ်ဆိုတဲ့ အချက် ကို မှာကြားပါရစေ။

★★★★★★★★★★★

www.chinworld.info

*စစ်အစိုးရအနေနဲ့ထွက်ပေါက်ရှာတဲ့ ရွေးကောက်ပွဲကို ကျွန်တော်တို့သပိတ် မှောက်နိုင်ရင် စစ်အစိုးရ အနေနဲ့ ပြည်သူတွေရဲ့ဆန္ဒကို လိုက်လျောလာနိုင်တယ်။*

ချင်းပါတီတွေကို ပြောချင်တာက ခင်ဗျားတို့ ဘာမှလုပ်နိုင်မှာမဟုတ်ဘူး၊ ချင်းပြည်နယ်အတွက် ဒီရွေးကောက်ပွဲအားဖြင့် ဘာမှမလုပ်ပေးနိုင်တဲ့အပြင် ချင်းတွေနဲ့ တိုင်းရင်းသားတွေဟာ ပြည်ထောင်စုနိုင်ငံ မှာ အဆင့်အများကြီးကျဆင်းသွားလိမ့်မယ် ဆိုတာ သတိယဖို့ သတိပေးချင်တယ်။

## **Pu Thawng Kho Thang** ၏ ၂၀၁၀ ရွေးကောက်ပွဲအပေါ် ခံယူချက်

*(Pu Thawng Kho Thang သည် UNLD အမတ်လောင်းအဖြစ် တမူးမြို့နယ်တွင် ပြည်သူလူထုမှ ရွေးချယ်ပေးလိုက် သော လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။ စစ်အစိုးရမှ ကျင်းပပြုလုပ်သော အမျိုးသားညီလာခံတွင်လည်း တက်ရောက်ခဲ့ကာ အဆိုတင်သွင်းမှုများ များစွာ ပြုလုပ်ခဲ့သူတဦးဖြစ်သည်။ UNLD နှင့် CRPP တွင် တက်ကြွစွာ ဦးဆောင်ပါဝင်နေသော ချင်းအမျိုးသားခေါင်းဆောင်တဦးဖြစ်သည်)*



**CW** ။ ။ဘာကြောင့် ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ပြီးတော့မှ ပြောဆိုကြရပါသလဲ။

**TKT**။ ။ပြည်သူလူထု တစ်ရပ်လုံး အတွက် လုံးဝအကျိုးမရှိတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်အာဏာရှင် သက်ဆိုးရှည်ရေး အတွက် သက်သက် ကျင်းပတဲ့ရွေးကောက်ပွဲဖြစ်လို့ ကျွန်တော်ဆန့်ကျင့်တာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲ ဆိုတာဒီမိုကရေစီ ဖြတ်သန်းမှုအဆင့် တစ်ခုဆိုတာ ကျွန်တော်လက်ခံပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ အခု ပြုလုပ်တော့မဲ့ ရွေးကောက်ပွဲဟာ ပြည်သူလူထုတစ်ရပ်လုံး လိုလားတဲ့ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှုတွေကို ဖန်တီးဖို့ ကျင်းပတဲ့ရွေးကောက်ပွဲမဟုတ်ပါဘူး။

**CW** ။ ။ ဗမာပြည် ပြောင်းလဲဖို့ ဒီမိုကရေစီအင်အားစုတွေက နှစ် ၂၀ တင်မကဘူးနှစ်တွေ အကြာကြီး ကြိုးစားနေရပြီး အခုထိမအောင်မြင်ရတာ ဘာကြောင့်လဲဆိုတာ သိချင်ပါတယ်။

**TKT**။ ။ကျွန်တော်တို့ ဗမာပြည်မှာ တွေ့ဆုံ ဆွေးနွေးရေးဆိုတာ လုံးဝမရှိခဲ့ပါဘူး။ စစ်အစိုးရဟာ ဒီမိုကရေစီ အင်အားစုတွေ၊ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ အဖြေရှာဖို့ တစ်ခါမှမကြိုးစားခဲ့ပါဘူး။ ၁၉၉၀ ရွေးကောက်ပွဲပြီးရင် အာဏာလွှဲပေးမယ်လို့ ပြောထားတာကို မလုပ်ဘဲ အမျိုးသားညီလာခံလုပ်လိုက်၊ ဟိုလူဖမ်းလိုက်၊ ဒီလူ စစ်လိုက်နဲ့ လူ့အခွင့်အရေးချိုးဖောက်နေတာ၊ နှိပ်စက်နေတာ စစ်အစိုးရဖြစ်ပါတယ်။ NLDကော၊ တိုင်းရင်းသားခေါင်းဆောင်တွေရော တပ်မတော်ကိုတွေ့ဆုံဆွေးနွေးဖို့ အကြိမ်ကြိမ်ကမ်းလှမ်းခဲ့ပါတယ်။ တပ်မတော်က အရေးမစိုက်ခဲ့ပါဘူး။ ဗမာပြည်မှာ နှစ်အကြာကြီး အပြောင်းအလဲမဖြစ်အောင် လုပ်ခဲ့တာ စစ်အစိုးရပဲ ဖြစ်ပါတယ်။

www.chinland.info

CW။ ။ရွေးကောက်ပွဲကို ဗမာပြည်သူတွေက ဘယ်သဘောထားရှိသလဲ။

TKT။ ။ ဗမာပြည်သူတွေက ၂၀၁၀ ရွေးကောက်ပွဲကိုစိတ်ဝင်စားမှုမရှိပါဘူး။လေ့လည်းမလေ့လာကြပါဘူး။ ဘာကြောင့်လဲဆိုတော့ မျှော်လင့်ချက်မရှိလို့စိတ်မဝင်စားကြတာ၊ မလေ့လာကြတာ ဖြစ်ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ မဖြစ်နိုင်ဘူးဆိုတာကိုလည်း ရွေးကောက်ပွဲ မတိုင်ခင် အခြေအနေတွေကို ကြည့်ပြီး ပြည်သူတွေက နားလည်ကြပါတယ်။

CW ။ ။ ပြည်ပမှာရှိတဲ့ တိုင်းရင်းသားခေါင်းဆောင်အချို့ကရွေးကောက်ပွဲကိုထောက်ခံတယ်လို့ ပြောလာကြတယ်။ အန်ကယ်ဘာများပြောချင်လဲ?

TKT။ ။နိုင်ငံတကာ သံတမန်တွေ၊ကိုယ်စားလှယ်တွေနဲ့ UNLD တွေ့ဆုံတုန်းက နိုင်ငံတကာကကျွန်တော်တို့ကို ပြောတယ်။"ဟန်ညောင်ဝေ၊ ဆလိုင်းလျန်မှုန်းတို့က ရွေးကောက်ပွဲကို ထောက်ခံတယ်။ ရွေးကောက်ပွဲ ဝင်မဲ့ တိုင်းရင်းသားပါတီတွေကို တစ်ဖက်တစ်လမ်းကနေ ငွေကြေးအကူအညီပေးချင်တယ်"လို့ သိရတယ်။
ကျွန်တော်၊ဦးအေးသာအောင်တို့က " ကျွန်တော်တို့ UNLD အနေနဲ့ ဒေါ်စုနဲ့ NLD လိုဘဲ ရွေးကောက်ပွဲကို ဆန့်ကျင်သပိတ်မှောက်တယ်။ ဟန်ညောင်ဝေ၊ဆလိုင်းလျန်မှုန်းတို့ပြောတာ သူတို့ရဲ့ တစ်ဦးချင်း ဆန္ဒသာ ဖြစ်ပါလိမ့်မယ်"လို့ ရှင်းပြလိုက်တယ်။ ပြည်ပမှာရှိတဲ့ သူတွေဟာ ပြည်တွင်းက ကျွန်တော်တို့ရဲ့ဘက်တော်သားဆိုရင် ကျွန်တော်တို့ သဘောထားကို သူတို့ Follow လိုက်ဖို့ဘဲ။

CW ။ ။ ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သူတွေက– ရွေးကောက်ပွဲမှ တပါး အခြားလမ်းမရှိပါ လို့ ပြောကြပါတယ်။ ဒီအပေါ်မှာ ဘယ်လိုတုန့်ပြန်ပြီး ပြောကြားချင်ပါသလဲ။

TKT။ ။ရွေးကောက်ပွဲ ဝင်တဲ့လူတွေ ထောက်ခံတဲ့သူတွေဟာ ပြည်သူလူထုအတွက် စစ်အစိုးရသဘောမတူဘဲ ဘာမှလုပ်ခွင့်မရှိဘူးဆိုတာ သူတို့နားလည်ဖို့လိုပါတယ်။ အခုသူတို့လျှောက်နေတဲ့လမ်းဟာ စစ်အစိုးရ ဖန်တီးပေးတဲ့ လမ်းပြမြေပုံအတိုင်း လျှောက်နေတာဖြစ်ပါတယ်။ ကိုယ့်လမ်းကိုယ်လျှောက် နေတာ မဟုတ်ပါဘူး။

CW။ ။၂၀၁၀ ရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်သူတွေက– " ဆန့်ကျင်သူတွေက– ဆန့်ကျင်ခိုင်းတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် အခြားလမ်းကြောင်းတခုဖြစ်တဲ့– တခုခုကို ရှင်းအောင် ကျနော်တို့ကို မပြောနိုင်ပါဘူးဆိုပြီး ပြောနေကြပါတယ်" ဒါနဲ့ ပတ်သက်လို့ကော ဘယ်လို တုန့်ပြန်ချင်ပါသလဲ

TKT။ ။ကျွန်တော်တို့ UNLD တွေအနေနဲ့ အင်တာဗျူးအတော်များများမှာ ရွေးကောက်ပွဲကိုဆန့်ကျင်တဲ့ အကြောင်း ပြောဆိုထားပြီးပါပြီ။ ဘာကြောင့် ရွေးကောက်ပွဲကိုဆန့်ကျင်သင့်သလဲ ဆိုရင် ပြည်သူအတွက် ဘာမှအကျိုးမှလဲ မရှိဘူး။ စစ်အစိုးရအနေနဲ့ထွက်ပေါက်ရှာတဲ့ ရွေးကောက်ပွဲကို ကျွန်တော်တို့သပိတ်မှောက်နိုင်ရင် စစ်အစိုးရ အနေနဲ့ ပြည်သူတွေရဲ့ဆန္ဒကို လိုက်လျောလာနိုင်တယ်။ တွေ့ဆုံဆွေးနွေးရေး ဆိုတာလည်းရှိနိုင်တယ်။ ရွေးကောက်ပွဲကို ဝင်တယ် စစ်အစိုးရပေးတာ ယူမယ်။ ကျွေးတာ စားမယ်ဆိုတာ လောက်နဲ့ တပ်မတော်ကို ပြည်သူ့ဆန္ဒလိုက်လျောဖို့ ဘာမှဖိအားပေးလို့ မရဘူးဆိုတာ နားလည်ပါ။ ဒီလောက်ဆိုရင် ရွေးကောက်ပွဲမဝင်ဘဲ အခြားနည်းလမ်းတွေနဲ့ ရင်ဆိုင်လို့ရတယ်ဆိုတာ နားလည်သင့်တယ်။

CW။ ။ ဒီရွေးကောက်ပွဲကို မဲမပေးခြင်းရဲ့ အကျိုးကျေးဇူးက ဘာများလဲ။

TKT။ ။ စစ်အာဏာရှင်တွေ သူတို့ ကြိုက်သလို လုပ်တဲ့ အရာပေါ်မှာ ကိုယ်လဲ ကိုယ်ကြိုက်သလို ဆုံးဖြတ်ခွင့် ရှိတယ်ဆိုတဲ့ အသိလေး၊အလေ့အကျင့်လေး ရသွားတာပေါ့။

CW။ ။ ရွေးကောက်ပွဲကို သွားရောက် မဲပေးခြင်းအားဖြင့် ဘာတွေများ ဖြစ်သွားနိုင်ပါသလဲ။

TKT။ ။ မဲသွားပေးလည်း ဘာမှထူးမှာ မဟုတ်ဘူး။ အရင်တုန်းက စစ်ဝတ်စုံနဲ့ မြင်ခဲ့တဲ့လူတစ်ချို့ကို အရပ်ဝတ်နဲ့ ပြောင်းမြင်လို့ရမယ်၊ ကိုယ်မဲပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်ဆိုတဲ့ သူကလည်း လွှတ်တော်မှာ ငုတ်တုတ်ထိုင်နေရမယ်။

www.chinwold.info

**CW**။ ။အခုရွေးကောက်ပွဲမှာ ပါဝင်နေကြသူများက– ကိုယ့်နယ်မြေဒေသများအတွက် လုပ်နိုင်သလောက် လုပ်ကြမယ်ဆိုတဲ့ စိတ်နဲ့ ပါဝင်ကြပါတယ်ဆိုပြီး ပြောကြပါတယ်။

**TKT**။ ။နိုင်ငံရေးလုပ်တဲ့သူတိုင်း ပြည်သူအတွက်လို့ အော်ကြတာ ဘာမှမထူးဆန်းပါဘူး။ ဘာမှမတတ်ပေမယ့် လိုအပ်လို့ ဝင်လုပ်ရတယ်လို့ပြောပြော၊ ရသလောက်ကြိုးစားတယ်လို့ပြောပြော ဘာမှလုပ်နိုင်ခွင့်ရမှာ မဟုတ်ဘူး။

**CW**။ ။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ကော ဘာတွေကို လှုပ်ရှားလုပ်ကိုင်သင့်တယ်။ ဘယ်အရာတွေကိုလည်း တိုးချဲ့လုပ်ကိုင်သင့်တယ်လို့ သုံးသပ်ပြောကြားလိုပါသလဲ။

**TKT**။ ။ NLD အနေနဲ့အခုလို ပါတီဖျက်သိမ်းရပြီးနောက်မှာ လူထုကြားထဲ စည်းရုံးရေးအရှိန်မြင့်ဖို့လိုအပ်ပါတယ်။ ကျွန်တော်ကြားတာ တစ်ခုကတော့ NLD ခေါင်းဆောင်တွေ နယ်ဘက် စည်းရုံးရေးဆင်းတော့ နယ်က NLD အဖွဲ့ဝင်တွေ၊ထောက်ခံအားပေးတဲ့သူတွေက"ဒီအထိ လမ်းစရိတ် အကုန်ခံနေစရာမလိုပါဘူး။ အခုအချိန်မှာ ဘာလုပ်သင့်သလဲဆိုတာ ကျွန်တော်တို့သိပါတယ်"လို့ NLD ခေါင်းဆောင်တွေကို ပြန်ပြောကြတယ်။ NLD အနေနဲ့ သပိတ်အသံကို နာနာအော်ပေးဖို့ လိုပါတယ်။

**CW**။ ။Chin World အင်တာနက်စာမျက်နှာ ကနေတဆင့် ချင်းနိုင်ငံရေးပါတီများနဲ့ အခြားနိုင်ငံရေးပါတီများကို ဘာတွေ သတိပေး၊ တိုက်တွန်းပြောကြားချင်ပါသလဲ။

**TKT**။ ။ကျွန်တော်လည်း ချင်းတစ်ယောက်ပါဘဲ။ ချင်းလူမျိုးတွေ တိုးတက်ကောင်းစားဖို့ကို လိုလားသူတဦးလည်း ဖြစ်ပါတယ်။ ချင်းပါတီတွေကို ပြောချင်တာက ခင်ဗျားတို့ ဘာမှလုပ်နိုင်မှာမဟုတ်ဘူး၊ ချင်းပြည်နယ်အတွက် ဒီရွေးကောက်ပွဲအားဖြင့် ဘာမှမလုပ်ပေးနိုင်တဲ့အပြင် ချင်းတွေနဲ့ တိုင်းရင်းသားတွေဟာ ပြည်ထောင်စုနိုင်ငံမှာ အဆင့်အများကြီးကျဆင်းသွားလိမ့်မယ် ဆိုတာ သတိယဖို့ သတိပေးချင်တယ်။ အခြားပါတီတွေကိုလဲ အခြေခံဥပဒေပြင်ဖို့ဝင်ရင်လည်း ပြင်လို့ ရမှာမဟုတ်ဘူး ဆိုတာ သတိပေးချင်တယ်။ အခြေခံဥပဒေ ပြင်ဖို့ မပြောနဲ့ အခြေခံဥပဒေပြင်ချင်လျှင်ဆိုတဲ့ ဥပဒေ စာသားတစ်ကြောင်းတောင် ပြင်ဖို့ မလွယ်ဘူးဆိုတာ သိပါ။ ကိုယ်စားလှယ်၇၅% ကျော်ထောက်ခံမှ ပြင်ဆင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားတော့ တပ်မတော်သားက ၂၅% ရှိပြီးသား။ ပြောပါအုံး ဘယ်လိုပြင်မှာလဲ။ ဥပမာ–၇၅% ကျော်ထောက်ခံမှ ပြင်ဆင်ခွင့်ရှိတယ်ဆိုတဲ့ စာသားကနေ ၅၀% ကျော်ထောက်ခံလျှင် ပြင်ဆင်နိုင်တယ်ဆိုတဲ့ စာသားတစ်ကြောင်းတောင် အဆင့်တိုးနိုင်ပါ့မလား။ နိုင်ငံရေး၊ပြည်သူ့အရေး လုပ်တဲ့အချိန်မှာ စိတ်ကူးယဉ်တွေမပြောကြတာကောင်းတယ်။

**CW**။ ။Chin World အင်တာနက်စာမျက်နှာကနေတဆင့်– ချင်းလူထုနဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးကို ဘာများ သတိပေး၊ တိုက်တွန်း ပြောကြားလိုပါသလဲ။

**TKT**။ ။ချင်းအမျိုးသား အားလုံးအနေနဲ့ ချင်းတွေအတွက်ကော၊ ဗမာတွေအတွက်ကော ဘာမှအကျိုးမရှိတဲ့ စစ်အာဏာရှင်စနစ်ဆက်လက်တည်တံ့ရေးအတွက် ပြုလုပ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲကို မဲမပေးကြဖို့ တိုက်တွန်းလိုပါတယ်။မဲမပေးဘဲ နေနိုင်တဲ့ အခွင့်အရေးဟာ ကျွန်တော်တို့မှာ ရှိပါတယ်။ အမေရိကန် မှာလည်း လူတိုင်းမဲမပေးကြပါဘူး။ မဖြစ်မနေအတင်းအကျပ် ပေးခိုင်းလို့ မဲသွားပေးရရင်လည်းမဲရုံထဲ ဝင်ပြီး ဆန္ဒမဲပြားပေါ်မှာ ကြက်ခြေခတ် × ခြစ်လာခဲ့ပါ။ ဒါဆိုရင်ပယ်မဲ ဖြစ်သွားပါပြီ။ ၂၀၁၀ရွေးကောက် ဝင်တဲ့ ပါတီတွေ၊ပုဂ္ဂိုလ်တွေ အားလုံးလည်း စိတ်မပါတပါနဲ့ လူတွေပေးတဲ့ဆန္ဒမဲတစ်ပြားကိုမှ မလိုချင်ပါနဲ့လို့ ပြောချင်ပါတယ်။

www.chinworld.info

*စစ်အစိုးရရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို မဲပေးလိုက်တယ်ဆိုရင်– ဖက်ဒရယ်ပြည်ထောင်စုနဲ့ ဒီမိုကရေစီ လိုလားခြင်းကို သတ်ခွင့်ပေးလိုက်တာပါပဲ။ ၂၀၁၀ ရွေးကောက်ပွဲမှာ– မဲသွားပေးသူမှန်သမျှဟာ စစ်အစိုးရ တက်လာခြင်းကို မဲပေးလိုက်ခြင်းသာဖြစ်ပါတယ်။ လိုင်စင်ရ လူသတ်ခွင့်ပေး လိုက်သလို ဖြစ်သွားပါမယ်။*

*အဲဒီနေ့မှာ မဲသွားမပေးပဲ နေခြင်းဟာ စစ်အစိုးရရဲ့ နောက်ဆုံးနေ့များကို မြင်တွေ့ရဖို့ သွားနေကြတာ ဖြစ်ပါတယ်။*

## နိုဝင်ဘာ (၇) ရက်နေ့ကို အိမ်မှာ နေကြပါဆိုတဲ့– **Pu Lian Uk**

*(Pu Lian Uk သည် ၁၉၇၀ ခုနှစ်များတွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်နေဝင်းထံသို့ ချင်းဝိသေသတိုင်းအား ချင်းပြည်နယ် အဖြစ်သတ်မှတ်ရေး၊ တိုင်းပြည်အား ဖက်ဒရယ်မူဖြင့် တည်ထောင်ရေး အစရှိသော အချက်အလက်များ ပါဝင်သည့် ချင်းလူငယ်များ၏ အကြံပေးတင်ပြချက်ကိုပေးပို့ရာတွင် အဓိကဦးဆောင်ခဲ့သူတဦးဖြစ်သည်။ ၁၉၉၀ ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံရသော ချင်းပြည် ဟားခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ် သည်။)*



**CW**။ ။အဲန်အယ်ဒီကနေ ရွေးကောက်ပွဲကို သပိတ်မှောက်ဖို့ ထုတ်ပြန်ကြေငြာပြောဆိုတဲ့အပေါ်မှာ အန်ကယ့် အနေနဲ့ ဘယ်လိုမြင်ပါသလဲ။

**Lnk** ။ ။ အဲန်အယ်ဒီကနေ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ဖို့ ပြောတာဟာ– အထူးသဖြင့် ကျနော်တို့ တိုင်းရင်းသားတွေဖြစ်တဲ့ ချင်း၊ ကချင်၊ ရှမ်းအစရှိတဲ့ တိုင်းရင်းသားတွေ မပျောက်ပြတ်ဖို့ရန်အတွက် ရပ်တည်စဉ်းစားပေးတဲ့ စဉ်းစားချက်ကောင်းတခုဖြစ်ပါတယ်။ ဒါကြောင့် ချင်း၊ ကချင်၊ရှမ်းနဲ့ တပြည်လုံးမှာရှိတဲ့ ပြည်သူအားလုံးဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တကွ ကျနော်တို့ရဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသမျှကို လုံးဝအသုံးပြုရမှာဖြစ်ပါတယ်။

**CW**။ ။ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ဆန္ဒပြဖို့ဆိုတာ ဖြစ်နိုင်တဲ့ အခြေအနေကော တကယ်ကိုပဲ ရှိရဲ့လား။

**Lnk**။ ။ ဒီအစိုးရကို ဖြုတ်ချဖို့အတွက် ရွေးကောက်ပွဲကို **boycott** လုပ်ပြီး မဲသွားမပေးဘူးဆိုတာထက် တခြားလွယ်တာ ဘာများရှိဦးမှာလဲ။ မရှိပါဘူး။ နိုဝင်ဘာလ (၇) ရက်နေ့မှာ မဲရုံကို မသွားဘဲ ကိုယ်သွားချင်တဲ့ နေရာ၊ ဒါမှမဟုတ်ကိုယ့်အိမ်မှာပဲ နေလို့ရတာပါပဲ။ ဒါထက်လွယ်တာ ဘာများရှိဦးမှာလဲ။ အဲဒီနေ့မှာ မဲသွားမပေးဘူးဆိုတဲ့ စိတ်နှလုံးကို ထားရှိဖို့ လူတိုင်းရဲ့ တာဝန်ကြီးတခုပါပဲ။ တပြည်လုံးအတိုင်းအတာနဲ့ မဲမပေးကြဘူးဆိုရင်– ဖမ်းဆီးထောင်ချဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့် စစ်အစိုးရကို မဲမပေးကြတာဟာ သူတို့က ဘာမှ မလုပ်နိုင်ယုံသာမက– မဲမရှိဖို့အတွက်– မဲမရှိဘဲနဲ့ အစိုးရဖွဲ့ဦးမယ်ဆိုရင်လည်း တရားမဝင်တဲ့ အစိုးရအနေနဲ့ ဆက်ရှိဦးမှာဖြစ်ပြီး၊ နိုင်ငံတကာကလည်း ဆက်လက် လက်မခံဦးမှာဖြစ်ပါတယ်။

**CW** ။ ။ **boycott** လုပ်ခြင်းအားဖြင့် ဘာတွေ အကျိုးတရားရှိလာမှာလဲ။

**Lnk**။ ။ စစ်အစိုးရဟာ မဲမရရှိရင်လည်း အစိုးရအနေနဲ့ ဆက်လက်ရပ်တည်မှာပဲဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ဗမာတပြည်လုံးအတိုင်းအတာအနေနဲ့ **boycott** လုပ်ကြမယ်ဆိုရင် ဒီမိုကရေစီ စံချိန်စံညွှန်းနဲ့ မကိုက်ညီတဲ့ အစိုးရအနေနဲ့ပဲ ဆက်လက်ရှိနေဦးမှာ ဖြစ်တယ်။ အဲဒီမှာ– ဗမာပြည်ဒီမိုကရေစီအရေးကို အားပေးထောက်ခံတဲ့နိုင်ငံတွေနဲ့ ကုလသမဂ္ဂရဲ့ စီစဉ်ပေးမှုနဲ့ ဒေါ်စုဦးဆောင်တဲ့ ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာဟာ အားကိုးမျှော်လင့်ရဦးမှာ ဖြစ်ပါတယ်။ သန်းရွှေနဲ့ စစ်အစိုးရဟာ တရားမဝင်အစိုးရဖြစ်တဲ့အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေကနေပြီးတော့ စစ်လက်နက်ပစ္စည်းနဲ့ အခြားပစ္စည်းတွေ ဝယ်ယူမှုကို ကန့်သတ်ခြင်း– **sanction** ကို ကုလသမဂ္ဂကနေ ဆက်လက်ဦးဆောင်လုပ်ရှားနိုင်ဦးမှာဖြစ်ပါတယ်။ အဲဒီမှာ လူထုကနေ ရွေးချယ်ပေးတဲ့ အစိုးရမဖြစ်တဲ့အပြင်– လူ့အခွင့်အရေးအနေနဲ့ကလည်း ပြဿနာတွေအများကြီးရှိတဲ့ အစိုးရဖြစ်တဲ့အတွက်– ၂၀၁၀ ရွေးကောက်ပွဲအပြီး တက်လာမယ့် ဗမာစစ်အစိုးရကလည်း ဘယ်နိုင်ငံမှ အားပေးထောက်ခံမှာ မဟုတ်တဲ့အပြင် တရုတ်နဲ့ ရုရှားနိုင်ငံတို့ကလည်း ကုလသမဂ္ဂမှာ ဗီတိုအာဏာသုံးရဲတော့မှာ မဟုတ်ပါဘူး။

ဆိုတော့– ဗမာစစ်အစိုးရ ရပ်နားသွားမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဗမာပြည်သားတွေ ပိုမိုရဲတင်းအားတက်လာမှာဖြစ်တယ်။ စစ်အစိုးရအပေါ်မှာ– မုန်းတီးမှုကလည်း ပြန်လည်ရှင်သန်ပေါက်ကွဲလာမှာဖြစ်တယ်။ အဲဒီလိုနဲ့ ဗမာစစ်အစိုးရနဲ့ သူ့ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ၁၉၇၄ ဖွဲ့စည်းပုံနဲ့ နေဝင်းအစိုးရလိုမျိုးဖြစ်လာမှာ ဖြစ်ပါတယ်။ အဲဒီလိုနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်ဖြစ်ပေါ်လာနိုင်ဖို့ လမ်းစရှိလာမှာဖြစ်ပါတယ်။

စစ်အစိုးရရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို မဲပေးလိုက်တယ်ဆိုရင်– ဖက်ဒရယ်ပြည်ထောင်စုနဲ့ ဒီမိုကရေစီလိုလားခြင်းကို သတ်ခွင့်ပေးလိုက်တာပါပဲ။ ၂၀၁၀ ရွေးကောက်ပွဲမှာ– မဲသွားပေးသူမှန်သမျှဟာ စစ်အစိုးရတက်လာခြင်းကို မဲပေးလိုက်ခြင်းသာဖြစ်ပါတယ်။ ဒီလိုနဲ့ စစ်အစိုးရကို နိုင်ငံတကာက တရားဝင်အစိုးရအနေနဲ့ ပိုမိုလက်ခံပြီး၊ ပြည်တွင်းက ဒီမိုကရေစီအရေး လှုပ်ရှားသူများကိုလည်း လိုင်စင်ရ လူသတ်ခွင့်ပေးလိုက်သလိုဖြစ်သွားပါမယ်။ ဒါကြောင့် မဲသွားပေးသော မည်သူမဆို– စစ်အစိုးရရေ– မင်းတို့ကြိုက်သလို ငါတို့ကို နှိပ်စက်နိုင်တယ်ဆိုပြီး ပြောတာနဲ့ အတူတူပါပဲ။ ဒါကြောင့် သေချာစဉ်းစားကြပါ။

**CW**။ ။ ရွေးကောက်ပွဲမှတပါး အခြားလမ်းကြောင်းမရှိ ဆိုပြီး ပြောဆိုနေကြမှုများအပေါ်မှာ– ဘယ်လိုတုန့်ပြန်ချင်ပါသလဲ။

**LnK**။ ။ ဒီလိုရွေးကောက်ပွဲရှိတဲ့အတွက်– ဆန့်ကျင်ဆန္ဒပြဖို့ အခြေအနေကောင်းရှိပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲမှာ လူထုကနေ ဆန့်ကျင်ဆန္ဒပြခြင်းဟာ စစ်အစိုးရရဲ့ အာဏာစက်ကို ကျဆုံးပျက်သုဉ်းစေဖို့ရန်အတွက် အချိန်အကောင်းဆုံးဖြစ်ပါတယ်။ အဲဒီနေ့မှာ မဲသွားမပေးပဲ နေခြင်းဟာ စစ်အစိုးရရဲ့ နောက်ဆုံးနေ့များကို မြင်တွေ့ရဖို့ သွားနေကြတာ ဖြစ်ပါတယ်။

**CW** ။ ။ ရွေးကောက်ပွဲကို သပိတ်မှောက်မယ်ဆိုရင် တခြားဒီမိုကရေစီရနိုင်တဲ့ လမ်းကြောင်းတွေဘာတွေ ရှိပါသလဲ။

**LnK** ။ ။ အခုလိုမျိုး စစ်အပ်တရားဝင် လုပ်ပိုင်ခွင့်ပိုမိုရရှိဖို့နဲ့ ရာသက်ပန် သက်ဆိုးရှည်ဖို့ရန်အတွက်ပဲ စဉ်းစားပြီး လူထုအတွက် ဘာမှ အကျိုးတရားမရှိတဲ့ ဒီရွေးကောက်ပွဲကို လူထုကနေ ဆန့်ကျင်သပိတ်မှောက်မယ်ဆိုတာထက် လွယ်တဲ့ဟာ ဘာမှမရှိပါဘူး။ မဲသွားမပေးဘဲ အိမ်မှာနေတာထက် လွယ်တာဘာမှမရှိပါဘူး။ မဲပေးခြင်း၊ မပေးခြင်းဆိုတာ လူတဦးချင်းစီရဲ့ လုပ်ပိုင်ခွင့်နဲ့ ဆုံးဖြတ်ပိုင်ခွင့်များသာလျှင်ဖြစ်ပါတယ်။ မဲမပေးမနေရဆိုတာမျိုးမရှိပါဘူး။ အကယ်၍ ရှိခဲ့မယ်ဆိုရင်လည်း မှန်ကန်တဲ့ဥပဒေမဟုတ်တဲ့အတွက် လုံးဝမလက်ခံသင့်၊ မလိုက်လျောက်သင့်ပါဘူး။

**CW** ။ ။ အခုရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ချင်းနိုင်ငံရေးပါတီတွေကို ဘာများမှာကြားချင်ပါသလဲ။

**LnK** ။ ။ ပါတီထူထောင်ခွင့် အနေအထားရှိတဲ့အတွက် ပါတီကိုတော့ ကောင်းကောင်းတည်ထောင်သင့်ပါတယ်။ ဒါပေမယ့်လည်း ရွေးကောက်ပွဲကိုတော့ မပါဝင်သင့်ပါဘူး။ တကြိမ်မှာ ပါတီထူထောင်ပြီးပြီဆိုရင် အပေါ်မှာ ပါတီအနေနဲ့ တည်ရှိသွားပြီဖြစ်တယ်။ **CNO** ပါတီဟာဆိုရင် ပါတီမရှိတဲ့နောက်ပိုင်းမှာလည်း အပြင်မှာ

www.chinworld.info

ပါတီဆိုင်းဘုတ်မရှိသော်ငြားလည်းပဲ အတွင်းမှာ အများကြီး ရေရှည် အလုပ်လုပ်လို့ရပါတယ်။ ဒါကြောင့် တကြိမ်ပါတီထူထောင်ပြီဆိုရင် အတွင်းမှာ စုစည်းခိုင်မာဖို့ပဲလိုပါတယ်။ မဲမပေးရေးအတွက်လည်း အထဲက နေ မေတ္တာရပ်ခံပြောဆိုတာမျိုးလုပ်မယ်ဆိုရင်လည်း အင်မတန်မှ လွယ်ကူတဲ့အလုပ်ဖြစ်ပါတယ်။

CW ။ ။ ချင်းလူထုဆီကိုကော ဘာများမှာကြားချင်ပါသလဲ။

LnK ။ ။ စစ်တပ်အုပ်ချုပ်တာကို ဗမာတပြည်လုံးမှာရှိတဲ့ လူထုက လုံးဝမကြိုက်ကြပါဘူး။ အဲဒီမကြိုက်တာကို ဖော်ပြဖို့ရန်အတွက် ၂၀၁၀ နိုဝင်ဘာလ (၇) နေ့ကျရင် ဘယ်မှမသွားဘူး၊ အိမ်မှာနေတာမျိုး၊ ဒါမှမဟုတ်ပဲ ကိုယ်သွားချင်တာ ကိုယ်သွားပြီး မဲရုံကို မသွားဖို့နဲ့ ဒီနည်းလမ်းဟာ စစ်တပ်အာဏာကို ကုန်ဆုံးစေဖို့ရန်အတွက် အလွယ်ကူဆုံးအလုပ်ဖြစ်တဲ့အတွက်– မလုပ်မဖြစ် လုပ်ကြဖို့ ပြောကြားလိုပါတယ်။

www.chinworld.info

*“တခြားလမ်း မရှိတော့ပြီဖြစ်၍ ကျနော်တို့သည် တရားသဖြင့် ဖြစ်စေ၊ မတရားသဖြင့်ဖြစ်စေ အာဏာရှင်တို့ ခင်းပေးသော လမ်းအတိုင်းသာ လျှောက်လှမ်းပါတော့မည်” ဆိုတာက လမ်းမှန်၊ လမ်းသစ်မဟုတ်တာတော့ သိပ်သေချာပါတယ်။*

*စစ်ဖိုလ်တွေဘောင်းဘီချွတ်တာနဲ့ ပြည်သူတွေရဲ့ ဘဝကို အပြောင်းအလဲ မလုပ်နိုင်ခဲ့ပါဘူး။ ဒါက လုပ်ကြည့် စရာမလိုပဲ ကြိုတင်သိနိုင်တဲ့ ကိစ္စပါ။*

## **Salai Kipp Kho Lian ရှင်းလင်းပြောပြသော စစ်အစိုးရ၏ မဟာဗျူဟာ**

*(Salai Kipp Kho Lian Kho Lian သည် Chin Forum ၏ Co-ordinator ဖြစ်ပြီး www.vansangva.com ကို အခြေပြုကာ ဒီမိုကရေစီအခြေခံ သဘောတရားများကို အွန်လိုင်းမှ သင်ကြားပို့ချနေသည့် ဘလောက်ဂါ တဦးဖြစ်သည်)*



**CW**။ ။ ဘာကြောင့် ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ပြီးတော့မှ ပြောဆိုကြရပါသလဲ?

**K.K.L**။ ။ တကမ္ဘာလုံး က မြန်မာစစ်အစိုးရ ကျင်းပဖို့ ပြင်ဆင်နေတဲ့ ၂၀၁၀ ရွေးကောက်ဟာ စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက်လုပ်တဲ့ ရွေးကောက်ပွဲဆိုတာကို သိနေကြတာပါ။ ပြည်သူတရပ်လုံးကရော ရွေးကောက်ပွဲ ဝင်ဖို့ပြင်နေတဲ့ အဖွဲ့တွေကပါ ဒီရွေးကောက်ပွဲဟာ တရားသော ရွေးကောက်ပွဲ မဟုတ်ဘူးဆိုတာကို သိနေကြတာပါ။ ဒီရွေးကောက်ပွဲဟာ မတရားသောရွေးကောက်ပွဲ ဖြစ်ကြောင်း အားလုံးက တသဘောထဲ လက်ခံ ပြောဆိုနေကြတာပါ။ ဒီအချက်မှာ ဘယ်သူမှ သဘောထား မကွဲလွဲကြပါဘူး။

နအဖနဲ့အပစ်အခတ် ရပ်ထားတဲ့ လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းတွေထဲကပါ ဒါကို ထောက်ပြနေကြတာပါ။ အဲဒီမတရားတဲ့ ရွေးကောက်ပွဲနဲ့ ဆက်နွယ်ပြီး အခုတောင် ငြိမ်းချမ်းရေးတွေ ပျက်ပြားပြီး ပြန်လည် စစ်ခင်းကြဖို့တာစူနေကြပါပြီ။ ဒီတော့ ၂၀၁၀ ရွေးကောက်ပွဲဟာ ဗမာအပါအဝင် လူမျိုးပေါင်းစုံပြည်သူတွေအတွက် အရှည်သဖြင့်သော ငြိမ်းချမ်းသာယာမှု ကိုဆောင်ကျဉ်းပေးဖို့နေနေ သာသာ တာအစမှာတင် ပြည်တွင်းစစ်မီးရဲ့ အရှိန် ကို ပြန်လည် မြှင့် တင်မဲ့ နမိတ်လက္ခဏာတွေမြင်နေရပြီ။ ဒီတော့ ကျနော်တို့တတွေက ဒီ၂၀၁၀ရွေးကောက်ပွဲနဲ့ပါတ်သက်ပြီး ဘာကို သွားအကောင်းမြင်ပြီး ဘာတွေကို သွား ထောက်ခံရမှာလဲ?

နအဖကသာ ၁၉၉၀ ရွေးကောက်ပွဲရလဒ် ကိုဆန့်ကျင် နေတာပါ။ ၂၀၁၀ ရွေးကောက်ပွဲလို့သာ ပြောနေကြပေမဲ့ အမှန်တကယ်တော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အငိုက်မှာ ခြုံခိုတိုက်ခိုက်ပြီး အပြီးအပိုင် ဖြိုခွင်းဖို့ လုပ်နေတာပါ။ ဒီမိုကရေစီကို မြေမြုပ်သင်္ဂြိုလ်တော့မဲ့ ခြေလှမ်းပါ။ ဒီအတွက်ကို စစ်အာဏာရှင်တွေက နှစ်ပေါင်း ၂၀ ကျော် စနစ်တကျ ပြင်ဆင် အကွက်ချ လာကြတာ ဖြစ်တယ်။

ဒီမိုကရေစီကို ယုံကြည်တဲ့ ဒီမိုကရေစီ ဖက်တော်သားတွေ အနေနဲ့ ဒီမိုကရေစီ ဖြစ်စဉ်ကို မြေမြုပ်သင်္ဂြိုလ်မဲ့ ၂၀၁၀ ရွေးကောက်ပွဲ ဆိုတာကြီးကို ကောင်းလှခြည်ရဲ့ ဆိုပြီး ထောက်ခံပြောဆိုဖို့ ဘယ်လိုမှကို မဖြစ်နိုင်ပါဘူး။

CW ။ ။ ၁၉၉၀ ရွေးကောက်ပွဲရလဒ် ကိုခြိုးခြိုတိုက်ဖြိုခွင်းဖို့လုပ်နေတာ ဆိုတာကဘာကို ဆိုလိုတာလဲ?

K.K.L ။ ။ ရှစ်လေးလုံး ပြည်သူ့လှုပ်ရှားမှု လှိုင်းတံဘိုးကြီး ရဲ့ အရှိန်အဟုန်လျော့သွားအောင် ၁၉၉၀ ရွေးကောက် ပွဲ နဲ့ အာရုံပြောင်း ပေးခဲ့တယ်။ ၁၉၉၀ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ရတဲ့ အခါကြတော့ နအဖ ကသူတို့ တွက်ထားသလိုဖြစ် မလာခဲ့ဘူး။ စစ်အာဏာရှင်တွေဟာ ၁၉၈၈ နဲ့ ၁၉၉၀ ပြည်သူ့အောင်ပွဲ တွေကို အပြီး အပိုင်ဖြိုခွင်းဖို့အတွက် စစ်ရေးဗျူဟာတွေ ဥပယ်တမျှင် တွေကိုသုံးလာရတယ်။ ညောင်နှစ်ပင် နဲ့အချိန်ဆွဲပြီး သူတို့လိုချင်တဲ့ ဖွဲ့စည်းပုံကို ပုံဖော်ရေးဆွဲခဲ့တယ်။ တကြိမ်ထဲမှာ ဒီမိုကရေစီ အင်အားစုတွေရဲ့ အမျိုးသားပြန် လည်သင့်မြတ်ရေး၊ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုချက်တွေ ဖြစ်လာနိုးနိုး ကမ္ဘာကိုရောမြန်မာ့ ပြည်သူတွေကိုပါ လှည်းစားပြီး အာရုံ ပြောင်းပေးခဲ့ပြန်တယ်။ ဒေါ်အောင်ဆန်းစုကြည် နဲ့စတင်စကားပြောဖို့ ဆက်သွယ်ရေး ဝန်ကြီးဆိုတာတောင် ခန့်အပ်လိုက်သေးတယ်။ ကုလသမဂ္ဂကို ပိုင်ပိုင်နိုင်နိုင် အသုံးချပြီး ဥပယ်တမျှင်တွေ သုံးခဲ့တာတွေ အားလုံး သိပြီးဖြစ်တယ်။

တကြိမ်တည်းမှာပဲ ညောင်နှစ်ပင်မှာ စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် အခြေခံ အုတ်မြစ်တွေ အပိုင် အနိုင် ချနေခဲ့တယ်။ ညောင်နှစ်ပင်မှာ နိုင်ငံ့ရှေ့ရေး၊ ပြည်ထောင်စုတည်မြဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမို ကရေစီရေး၊ တန်းတူရေးစတဲ့ တိုင်းပြည်အတွက် အရေးကြီးတဲ့ အချက်တွေ ဘာမှ ဆွေးနွေးခွင့်မရှိဘူး။ အချေအတင် အကြိတ်အနယ် ငြင်းခုန်ဆွေးနွေးတာမရှိဘူး။ အားလုံး အပေါ်စီးကနေပဲ ချပြတာကို ခေါင်းငြိမ့် ကြရတယ်။ ဒီတော့ ညောင်နှစ်ပင်ကို ပြည်သူမပြောနဲ့ သူတို့ စစ်ဗိုလ်တွေတောင် အိပ်ငိုက်ကြတာပါ၊ စိတ်မ ဝင်စားကြပါဘူး။ လူတွေစိတ်မဝင်စားအောင် တမင် လုပ်ခဲ့တာပါ။

မထင်မှတ်တဲ့ အချိန်မှာ ဖြိုးစားကြီး ၂၀၀၈ အခြေခံဥပဒေကိုအတင်း အဓမ္မ အတည်ပြုခဲ့တယ်။ ဒါတွေက ဘယ်ခြောက်ကာညာလှမ်းတဲ့ ရိုးအီနေတဲ့ စစ်ရေးဗျူဟာတွေပါ။ မကြာခင် ရွေးကောက်ပွဲ ကျင်းပမယ်၊ အား လုံးပါဝင်နိုင်မယ်ဆိုပြီး ဗိုလ်သန်းရွှေ ကမ္ဘာသိပြောကြားပြီး ချွေးသိပ် လိုက်သေးတယ်လေ။ အားလုံးက သို့ လော၊ သို့လောပေ့ါ၊ ဘာမှ ကိုရှင်းရှင်းလင်းလင်း မပြောဘူး မကြေညာဘူး။ ရွေးကောက်ပွဲ ဥပဒေတွေ ရွေး ကောက်ပွဲကျင်းပမဲ့ရက်တွေကို အနီးကပ်မှကြေညာတယ်။ အကန့်အသတ် အချုပ်အချယ်တွေ တပုံ တခေါင်းနဲ့ဆိုတော့ ၁၉၉၀ ခုနှစ် အောင်ပွဲရပါတီတွေ အငိုက်မိအောင် လုပ်လိုက်ပြန်တယ်။ ဝင်လို့မရ အောင် ကန့်သတ်ချက် တွေလုပ်ထားလိုက်တယ်။ မဖြစ်မနေဝင်ဖို့ ပြင်ဆင်လာတဲ့ လက်သစ်တွေကိုတခါ အချိန် အကန့်အသတ်တွေ ငွေကြေး အကန့်အသတ်တွေ အတားအဆီးပေါင်း သောင်းခြောက်ထောင် နဲ့ အမျိုးမျိုး ဒုက္ခပေးပြန်တယ်။ အသေးစိပ်တွေကတော့ ကမ္ဘာသိပါ။ များပြားလွန်းတဲ့ အကန့်အသတ် အချုပ် အချယ်တွေပါ။ တဖက်မှာ သူတို့ဘက်ကပါတီတွေက နှစ်ပေါင်း ၂၀ ကြိုတင်ပြင်ဆင်ထားပြီး၊ ငွေကြေးအကန့် အသတ်မရှိ နိုင်ငံတော် ဘဏ္ဍာတိုက်ကနေ ဖေါ်ဖေါ်သီသီသုံးတယ်။ ဒါတွေ အားလုံးဟာ စစ်ရေးဗျူဟာတွေ ပါ။ ရန်သူကို ဘာမှကြိုတင်အသိမပေးပဲ အချိန်ကိုက်ပြင်ဆင်ပြီး ကိုယ့် အတွက်အားလုံး ကုန်းမြင့်နေရာ ကောင်းမှာ အကာအကွယ် အပြည့် နဲ့ ခြိုးခြိုတိုက်လိုက်တာပါပဲ။ ဒီမိုကရေစီလူ့ဘောင်ကို အလေးအနက်ထူ ထောင်ဖို့ကျင်းပတဲ့ ရွေးကောက်ပွဲ မဟုတ်ပါဘူး။ ဒီမိုကရေစီ ရွေးကောက်ပွဲမှာတော့ မတရားသဖြင့်သော ဥပဒေတွေနဲ့ လုပ်လို့ မရဘူး။ ပြည်သူအားလုံးကို လုံလောက်တဲ့ အချိန်တွေပေးပြီး တရားမျှတတဲ့ ရွေး ကောက်ပွဲဥပဒေတွေ ကိုပြဋ္ဌာန်းရပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်မဲ့ ပါတီတွေ အားလုံးကလဲ ပါတီ ဖွဲ့စည်းဖို့ စည်းရုံးဖို့ လုံလောက်တဲ့ အချိန်တွေ ညီတူမျှတူရှိ ဖို့ လိုပါတယ်။

အခုဟာက နအဖက သူ့ ရန်သူကိုဖြိုခွင်းတဲ့ ခြိုးခြိုတိုက်ပွဲပါ။ စစ်တိုက်တဲ့နေရာမှာ တရားတာမတရားတာ အဓိကမဟုတ်ဘူး၊ ရန်သူကိုအောင်နိုင်ဖို့ပဲ။ ဒီမိုကရေစီ နိုင်ငံထူထောင်တာနဲ့ခြိုးခြိုတိုက်ပွဲနဲ့က ဆန့်ကျင်ဖက် တွေပါ။ တဖက်စောင်းနင်း လက်နက်အားကိုးနဲ့လုပ်ခြင်ရာလုပ်နေကြတာပါ။ အခုလဲ ညောင်နှစ်ပင် မှာလိုပဲ ရွေးကောက်ပွဲ ကိုပြည်သူတွေ စိတ်မဝင်စားအောင် နည်းမျိုးပေါင်းစုံ သုံးပြီးလုပ်နေတာပါ။ ဝင်မယ် တကဲကဲ လုပ်နေတဲ့ လက်သစ်တွေထဲကလဲ စိတ်ဓါတ်ကျသူကျ၊ ထွက်ထိုင်သူ ထွက်ထိုင်တာတွေ ရှိနေပါတယ်။

CW ။ ။ ဒီတော့ဒီလို ခြိုးခြိုတိုက်ပွဲ နဲ့ နအဖက အပြီးအပိုင်အောင်ပွဲခံတော့မှာလား?

K.K.L ။ ။ နအဖ ကတော့ အပိုင်တွက်ကောင်းတွက်ပါလိမ့်မယ်။ ဒါပေမဲ့ မြန်မာပြည် ရဲ့သမိုင်းမှာရော၊ ကမ္ဘာ့ သမိုင်း မှာပါ၊ ပြည်သူတွေကို ဒီလိုနည်းနဲ့မလိမ့်တပတ်လုပ်လို့မရတဲ့ သာဓကတွေ တပုံကြီး ရှိပါတယ်။ လက်တွေ့ တွေပါ။ စိတ်ကူးယဉ် နဲနဲလေးမှ မပါဘူး။ ပြည်သူ့ဆန္ဒကိုပြောင်ပြောင် တင်းတင်း လစ်လျူရှုပြီး ရေးဆွဲတဲ့ အခြေခံဥပဒေဆိုတာ ကြာရှည်မခံပါဘူး။ ပြည်သူက ဒါဏ်ခတ်လေ့ရှိပါတယ်။ အာဏာနဲ့လက်နက် သုံးပြီး

အတင်းအဓမ္မ လုပ်တဲ့ အခါမှာ ဖြစ်လေ့ဖြစ်ထရှိတာက the law of unintended consequences ဆိုတာကို အမြဲရင်ဆိုင်ကြရတာချည်းပဲ။ ပိုင်ပြီဆိုပြီး လုပ်လိုက်တိုင်း ထင်ထားတဲ့ အတိုင်းဖြစ်မလာပဲ အာဏာရှင်တွေ လိုချင်တာ မျှော်မှန်းတာနဲ့ဆန့်ကျင်ဖက်ရလဒ်တွေ ဖြစ်ဖြစ်သွားတတ်တာကို တွေ့တွေ့နေရတာပါ။ ပြည်သူ့ဆန္ဒကိုလစ်လျူရှု ပြီး ပြည်သူမပါဝင်တဲ့ အခြေခံဥပဒေ ရေးဆွဲရေး နဲ့ပြည်သူ စိတ်မဝင်စားတဲ့ ရွေးကောက်ပွဲမျိုးကို ကျင်းပပြီး ပြည်သူဆန့်ကျင်ရေး လုပ်နေတာဆိုတော့ သူတို့ ထင်ထားသလို ဖြစ်မလာဖို့ကတော့ ကြိမ်းသေပါတယ်။

အခုလဲကြည့် ငြိမ်း အဖွဲ့တွေ ရဲ့ တော်လှန်ရေး စိတ်ဓါတ်တွေကို ငွေနဲ့လုပ်ငန်းနဲ့ အသေသတ်မယ်၊ တိုင်းရင်းသားအရေးတွေ အားလုံးချောင်ထိုးထားမယ်၊ သူတို့လိုချင်တဲ့ နိုင်ငံရေး တောင်းဆိုမှုတွေ ဘာတခုမှ လက်မခံဘူး၊ နယ်ခြားစောင့် တပ်အသွင် ပြောင်းခိုင်းမယ်၊ ပြီးရင် အားလုံးကို မြေမြုပ်သင်္ဂြိုလ်ပစ်မယ် ဆိုတဲ့ မဟာ စီမံကိန်းကြီး ကသူတို့ထင်သလို ဖြစ်မလာဘူး။ ငြိမ်းအဖွဲ့တချို့ကိုတော့ မြေမြုပ်သင်္ဂြိုလ် နိုင်လိမ့်မယ်။ ဒါပေမဲ့ လူမျိုးတမျိုးလုံး ရဲ့ အနာဂတ်ကံကြမ္မာနဲ့ သက်ဆိုင်နေတဲ့ ကိစ္စတခုကို အခုလို တသမတ်ထဲတွက်လို့ မရဘူး။ NLD အပါအဝင် ၁၉၉၀ ခုနှစ်အောင်ပွဲရ တိုင်းရင်းသားပါတီတွေကို မြေမြုပ်သင်္ဂြိုလ်ပစ်မယ်လို့ ကြံစည်ထားတာတွေလဲ သူတို့အထင်နဲ့ တက်တက်စင်လွဲချော်အုံးမှာပါ။ ဒီပါတီတွေကိုပြည်သူလူထုက ပိုပြီးတောင်လေးစားလာကြမယ်။ ငြိမ်းအဖွဲ့တွေလိုပဲ ပိုပြီးတောင် ခိုင်မာလာလိမ့်မယ်။ စစ်အတပ်ထဲမှာ ရော ရဲတပ်ဖွဲ့တွေမှာရော ကြံ့ဖွတ်ကိုမဲအတင်းထည့်ခိုင်းတာတွေအပေါ် အာဏာ ဖီဆန်လာကြပြီ။ အားလုံးညီဖို့လိုနေပါပြီ။ ဒါပေမဲ့ မနက်ဖန်သဖက်ခါပဲ ရာဇပလင်ပေါ် တက်ထိုင်ရတော့မလိုလို ရေတို အမြင်တွေနဲ့ သာကြည့်တတ်ကြတဲ့ အကျင့်ဆိုးတွေကိုတော့ ဖျောက်ကြရလိမ့်မယ်။ ရေရှည် အမြင်လဲ ရှိကြဖို့ လိုပါ တယ်။

**CW** ။ ။ ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သူတွေကရွေးကောက်ပွဲမှ တပါး အခြား လမ်းမရှိပါလို့ပြောကြပါတယ်၊ ဒီအပေါ်မှာ ဘယ်လိုတုန့်ပြန်ပြီး ပြောကြားချင်ပါသလဲ။

**K.K.L** ။ ။ အာဏာရှင်အားလုံးက ပြည်သူတွေ ရဲ့ အသိညာဏ်ထဲမှာကို ဒီလိုအတွေးမျိုးကို သံမှိုစွဲသလိုစွဲသွားအောင် မစေ့စပ်စတမ်း ရက်ရက်စက်စက် ဖိနှိပ် သတ်ဖြတ်ပြီး မရအရ ရိုက်သွင်းကြတာချည်းပါပဲ။ ဒါက သူတို့အလုပ်လေ။ စစ်အာဏာရှင်စနစ်သာလျှင် တခုတည်းသောလမ်းလို့လူတိုင်းက မြင်လာကြပြီ ဆိုတာနဲ့ အာဏာရှင်တွေ စိတ်အေးရတာပေ့ါ။ စိတ်ဓါတ် ခိုင်ခိုင်မာမာ ရှိကြဖို့လိုပါတယ်။ အာဏာရှင်တွေရဲ့ မှိုင်းကိုတော့ အမိမခံသင့်ကြပါဘူး။ သူတို့မှာ အနာဂတ်မရှိပါဘူး။ ဒီအာဏာရှင်တွေက သူတို့အနာဂတ်ကို သူတို့ကိုယ်တိုင် တောင်မယုံကြတဲ့ဟာ ကျနော်တို့ကဘာလို့ သူတို့ မှိုင်းတိုက်တာကိုယုံ ရမှာလဲ။

**CW** ။ ။ ၂၀၁၀ ရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်သူတွေကဆန့်ကျင်သူတွေက ဆန့်ကျင်ခိုင်းတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် အခြားလမ်းကြောင်းတခုဖြစ်တဲ့ တခုခုကို ရှင်းအောင် ကျနော်တို့ကို မပြောနိုင်ပါဘူးဆိုပြီး ပြောနေကြပါတယ်။ ဒါနဲ့ ပတ်သက်လို့ကော ဘယ်လို တုန့်ပြန်ချင်ပါသလဲ။

**K.K.L** ။ ။ အားလုံးက တခြား လမ်းကြောင်းသစ်တွေကို ရှာဖွေနေကြတာပါ။ လမ်းသစ်တွေကိုတော့ တဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ရှာဖွေကြရမှာပါ။ အားလုံးမှာလဲ တာဝန်ရှိပါတယ်။ ဦးဆောင်ပါတီတွေမှာတော့ တာဝန်ပိုကြီးပါတယ်။ စေ့စပ်ရေးတောင်းဆိုတာ၊ စတိတ်မင့်တွေ ထုတ်တာလောက်နဲ့ မလုံလောက်တော့ဘူး ဆိုတာကိုတော့ အားလုံးကသိနေကြပါပြီ။ ဒါပေမဲ့ "တခြားလမ်း မရှိတော့ပြီဖြစ်၍ ကျနော်တို့သည် တရားသဖြင့် ဖြစ်စေ၊ မတရားသဖြင့်ဖြစ်စေ အာဏာရှင်တို့ ခင်းပေးသော လမ်းအတိုင်းသာလျောက်လှမ်းပါတော့မည်" ဆိုတာက လမ်းမှန်၊ လမ်းသစ်မဟုတ်တာတော့ သိပ်သေချာပါတယ်။

တကယ်တမ်း ပြောရရင် တခြားလမ်းရွေးစရာမရှိ တော့တာက စစ်အာဏာရှင်တွေပါ။ အာဏာလွှဲပေးတဲ့ လမ်းကိုလဲ မလိုက်ရဲ။ ၁၉၉၀ အတွေ့အကြုံကို အကြောက်ကြီးကြောက် နေတာမို့ တရားမျှတတဲ့ ရွေးကောက်ပွဲလဲ ထပ်မကျင်းပရဲတော့ဘူး။ တရားမဝင် ရယူထားတဲ့ အာဏာနဲ့ကလဲ ကမ္ဘာ့ ပြည်သူတွေရောကိုယ့် ပြည်သူတွေကပါ လက်မခံဆိုတော့ သူတို့အဖေကြီး ဗိုလ်နေဝင်း စမ်းသပ်ခဲ့ပြီး မရှုမလှ ကျဆုံးသွားခဲ့ရတဲ့ ဘောင်းဘီချွတ်၊ ခေါင်းပေါင်းဆောင်းတဲ့ လမ်းအိုလမ်းဟောင်းကို ပုံစံတမျိုးထွင်ပြီး ပြန်လိုက်ကြည့်တာပါ။ လမ်းအိုလမ်းဟောင်းကိုပြန်စမ်းသပ်ကြည့်နေတာပါ။ ဗိုလ်နေဝင်းကိုယ်တိုင် ဒီလမ်းကြောင်းနဲ့ပဲ ကျဆုံးခဲ့တာ သူတို့ အသိပါ။ သိသိကြီးနဲ့ကို ဒီမအောင်မြင်ခဲ့တဲ့ လမ်းအိုလမ်းဟောင်းကို ဇွတ်အတင်းလိုက်နေတာကိုက နအဖမှာ တခြားလမ်းသစ်တွေ မရှိတာ၊ အကြံအိုက်နေတာတွေကိုပေါ်လွင်စေပါတယ်။ အတွေး

www.chinland.info

အခေါ်တွေ ချွတ်ခြုံကျပြီး တခြားလမ်းမရှိ၊ မရှုမလှ ကျဆုံးနိုင်၊ ကျဆုံးခဲ့ဘူးတဲ့ လမ်းတလမ်းထဲကိုပဲလိုက်နေရပြီဖြစ်တဲ့ နအဖကိုများ တခြားလမ်း မရှိတော့လို့ပါဗျာ ဆိုတဲ့ ဆင်ခြေဆင်လက်တွေနဲ့ ယောင်လို့တောင် သွားမပေါင်း မိကြလေနဲ့။ ကိုယ့်ဖက်ကလမ်းတွေ အများကြီးဖေါ်ဆောင်စရာရှိပါတယ်၊ နအဖကသာ လမ်းပျောက်နေတာပါ။

ဒီမိုကရေစီ ဘက်တော်သားတွေအတွက်ကတော့ လမ်းကြောင်းသစ်တွေ အများကြီးရှိနေပါတယ်။ လုပ်တဲ့လူတွေလုပ်နေ ကြပါတယ်။ ကုန်လွန်ခဲ့ တဲ့ အနှစ် ၂၀ ကာလ အတွင်း အတွေ့အကြုံတွေကို ပြန်လည်သုံးသပ်ကြရမှာပါ။ မဟာဗျူဟာ အမှားတွေကို ပြုပြင်၊ ဒီမိုကရေစီ အတွေးအခေါ်အုတ်မြစ်တွေ ပြည်သူထဲမှာ အမြစ်တွယ်လာအောင် ခိုင်ခိုင်မာမာ ချပေး၊ အဖြိုခွဲခံခဲ့ ရတဲ့ စည်းလုံးမှုတွေ ကိုပြန်လည်တည်ဆောက်ဖို့က ဒီမိုကရေစီဘက်တော်သားတွေရဲ့ အလုပ်ပါ။ ကုန်လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်ကာလအတွင်း မလုပ်ဖြစ်ခဲ့တဲ့ အလုပ်တွေ စလုပ်ကြရမှာပါ။

နှစ်ပေါင်းမြောက်မြားစွာ အမြစ်တွယ်နေတဲ့က စစ်အာဏာရှင်စနစ်ကို အခုထချ အခုပြုတ်ဆိုတာမျိုး မဟာဗျူဟာ မျိုးကို စိတ်ကူးမယဉ်ကြဖို့ပဲလိုပါတယ်။ ရေတိုအတွက်ပါ အဆင်သင့်ဖြစ်နေကြာသလို ရေရှည် တိုက်ပွဲကိုပါပုံဖေါ်ကြရမှာပါ။ လုပ်စရာတွေ တပုံတခေါင်းကြီးကိုရှိပါတယ်။ ဘုံ ရန်သူကရှိနေတယ်၊ လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး ကိုင်စွဲ ရမဲ့ဘုံ ရည်မှန်းချက်ပန်းတိုင်တခု ပြတ်ပြတ်သားသားရှိဖို့လိုအပ်ပါတယ်။ စစ်အာဏာရှင်စနစ်ကို ခါးခါးတူးတူး မလိုလားတာတခုထဲနဲ့တော့ မလုံ လောက်သေးပါဘူး။ လူတော်တော်များများက စစ်အာဏာရှင်ပြုတ်ကျရေး ဒီမိုကရေစီရရှိရေးကြွေးကြော်တာကိုပဲ လုံလောက်တဲ့ဒီမိုကရေစီ အတွေးခေါ်တခုလိုထင်မှတ်မှားနေကြတာပါ။

စစ်အာဏာရှင်တွေက သူတို့ရဲ့ အာဏာရှင်စနစ် သက်ဆိုးရှည်ဖို့ အုတ်မြစ်ချနေတာ သူတို့အလုပ်ပါ၊ ကိုယ့်အလုပ်မဟုတ်ပါဘူး၊ သူ့တီးလုံးနဲ့လိုက်ကစရာအကြောင်း နဲနဲလေးမှ မရှိပါဘူး။ ဒီမိုကရေစီအတွေး အခေါ် အယူအဆတွေ လူမျိုးပေါင်းစုံ ပြည်သူတွေထဲမှာ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်လာအောင်လုပ်ဖို့က ကျနော်တို့ အားလုံးရဲ့ အလုပ်ပါ။

CW ။ ။ ဒီရွေးကောက်ပွဲကို မဲမပေးခြင်းရဲ့ အကျိုးကျေးဇူးက ဘာများလဲ။

K.K.L ။ ။ ဒီရွေးကောက်ပွဲကိုမဲမပေးလို့ ရလာမဲ့ လတ်တလောအကျိုးကျေးဇူးကတော့ မက်စေ့ (message) ပဲ။ ဟေ့ စစ် အာဏာရှင်တွေ ငါတို့ ပြည်သူတွေကို ဒီလိုမလိမ့် တပတ်လုပ်လို့ မရဘူးကွ ဆိုတဲ့ ပြတ်သားတဲ့ message ပဲ။ အခု ကိုပဲ စစ်တပ်ထဲမှာရော ရဲတပ်ဖွဲ့တွေထဲမှာရော ဒီလို message မျိုးတွေ ထွက်ပေါ်လာနေပါပြီ။ အထူးသဖြင့် အဝေးရောက်တွေက ပိုပြီးတော့တောင် ပြင်းထန်တဲ့ message တွေပေးရမှာပါ။ တလောလေးတင် UK မှာ ဝေနင်းပွင့်သုန် က ဒီလို message တခုကို Labour Party ရဲ့ Conference မှာပေးခဲ့တယ်။ ၆ မိနစ်သာကြာတဲ့ ဒီမိန်းကလေးငယ် ရဲ့ message တိုလေးဟာ ကမ္ဘာတလွှားမှာ ရှိတဲ့ ဒီမိုကရေစီ အင်အားစုတွေ အတွက်ရော ပြည်တွင်းက ပြည်သူတွေအတွက်ပါ အားသစ်လှိုင်းတွေ ဖြစ်ထွန်းစေပါတယ်။ အောင်ပွဲကို နှစ်နှစ်ကာကာယုံကြည်တဲ့ ပြည်သူကိုယုံကြည်တဲ့ ဒီမိန်းကလေးငယ်တဦးရဲ့ စိတ်ဓါတ်နဲ့ အတွေးအခေါ် ကို အားလုံးကမိမိရရ စုတ်ကိုင်ပြီး ဆက်လက် တိုက်ပွဲဝင် ကြရမှာဖြစ်ပါတယ်။

CW ။ ။ ရွေးကောက်ပွဲကို သွားရောက် မဲပေးခြင်းအားဖြင့် ဘာတွေများ ဖြစ်သွားနိုင်ပါသလဲ။

K.K.L ။ ။ ဗိုလ်ချုပ်ကြီးများ စိတ်ကူးပေါက်သလို လုပ်ခြင်ရာ ဆက်လုပ်ကြပါတော့ ဆိုတဲ့ message ကလွဲရင် ဘာမှ ပို ထူးခြား သွားမှာ မဟုတ်ဘူး။

CW ။ ။ ဒီ ရွေးကောက်ပွဲကို ဆန့်ကျင်သပိတ်မှောက်ခြင်း ဆိုတဲ့ဟာက တကယ်ပဲ ဖြစ်နိုင်ပါရဲ့လား။

K.K.L ။ ။ ပြည်သူကပဲ အဆုံးအဖြတ်ပေးသွားမှာပါ။ မဲမပေးပဲ နေခွင့်ဆိုတာ ကိုယ့်ရဲ့ အခွင့်အရေးပဲ။ မဲရုံထဲမှာ ကိုယ့်ရဲ့ လုပ်ပိုင်ခွင့်တွေကို အသုံးချကြရမှာပါ။ မဲရုံမသွားပဲလဲ နေခွင့်ရှိတာပဲ။ နအဖ ကမဲတွေလိမ်ညာပြီး ကြေညာမှာကတော့ ဗေဒင်မေးနေစရာမလိုတော့တဲ့ ကိစ္စပါ။ ဒါကသူ့အလုပ်ပါ။

**CW** ။ ။ အခုရွေးကောက်ပွဲမှာ ပါဝင်နေကြသူများက ကိုယ့်နယ်မြေ၊ ဒေသများအတွက် လုပ်နိုင်သလောက် လုပ်ကြမယ်ဆိုတဲ့ စိတ်နဲ ပါဝင်ကြပါတယ်ဆိုပြီး ပြောကြပါတယ်။

**K.K.L** ။ ။ နိုင်ငံရေးလက်သစ်တွေထဲမှာ ဒီလိုရိုးရိုးသားသားယုံ ကြည်တဲ့လူတွေလဲ ရှိမှာသေချာပါတယ်။ အားလုံးကို ဝါးလုံးရှည်နဲ့ ရမ်းပြီး ငါနဲ့မတူ ငါ့ရန်သူဆိုတာမျိုးတော့ မလုပ်သင့်ပါဘူး။ ဒီအထဲက တချို့တောင် ရွေးကောက်ပွဲမဝင်ပဲ ပြန်နောက်ဆုတ်လာကြပြီ။ သူတို့ထဲမှာ ပြည်သူ့မိတ်တွေတွေ၊ ဒီမိုကရေစီဖက်တော်သားတွေ ရှိနေပါတယ်။ အမြင်မတူကြတာပဲ ကွာခြားပါလိမ့်မယ်။ လုပ်ကြည့်လို့ လမ်းအားလုံး ပိတ်နေရင် ပြည်သူနဲ့ပြန်လာပေါင်းကြမှာပါ။ လုပ်ကြည့်မှ သိကြမှာပါ။ မဆလ တခေတ်လုံး ဝန်ကြီးတွေက ပြည်သူ အတွက် ဘာတွေများ လုပ်နိုင်ခဲ့ကြသလဲ? အာဏာရှင် အလိုကျပဲလုပ်ခဲ့ကြရတာပါ။ တိုင်းပြည်တိုးတက်ဖို့ ပြည်သူတွေရဲ့ ဘဝမြှင့်တင်ဖို့ ဘာတခုမှလုပ်လို့မရခဲ့ပါဘူး။ မဆလ ခေတ်မှာပဲ စတင်ပြီး ကုန်ဈေးနှုန်း တရိပ်ရိပ်တက်လာခဲ့တာပါ။ နအဖ ဆိုတာကလဲ မဆလရဲ့ လက်ဝေခံ စစ်အာဏာရှင်တွေပါ။ သူတို့ ခေတ်မှာလဲ ကုန်ဈေးနှုန်းတွေကျဆင်းသွားတယ်လို့ကိုမရှိခဲ့ဘူး၊ စစ်ဗိုလ်တွေဘောင်းဘီချွတ်တာနဲ့ ပြည်သူတွေရဲ့ ဘဝကို အပြောင်းအလဲ မလုပ်နိုင်ခဲ့ပါဘူး။ ဒါက လုပ်ကြည့်စရာမလိုပဲ ကြိုတင်သိနိုင်တဲ့ ကိစ္စပါ။

**CW** ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ကော ဘာတွေကို လှုပ်ရှားလုပ်ကိုင်သင့်တယ်၊ ဘယ်အရာတွေကိုလည်း တိုးချဲ့ လုပ်ကိုင်သင့်တယ်လို့ သုံးသပ်ပြောကြားလိုပါသလဲ။

**K.K.L** ။ ။ **NLD** ကတော့ပြည်သူနဲ့ အထိတွေ့ရဆုံး၊ အာဏာရှင်တွေနဲ့လဲထိပ်တိုက် အရင်ဆိုင်ရဆုံးဆိုတော့ အဝေးကနေ ဒီလိုလုပ်ပါ ဟိုလိုလုပ်ပါ ပြောစရာမလိုပါဘူး။ ဒါပေမဲ့ ပြည်သူထဲကပြည်သူတဦးအနေနဲ့ ပြောရမယ်ဆိုရင် ပါတီထဲမှာ လူငယ် မျိုးဆက်သစ် ခေါင်းဆောင်တွေကို မွေးထုတ်သင့်တာကြာပါပြီ။ ဒေါ်အောင်ဆန်းစုကြည်မရှိရင်ကို ဘာမှမလုပ်တတ်တော့တဲ့ဟာမျိုး အားလုံးကဝေဖန်နေကြတယ်။ ပြည်သူတွေရဲ့ အသံကိုတော့ နားစွန့်ကြဖို့လိုပါလိမ့်မယ်။ လူပုဂ္ဂိုလ် အခြေခံတဲ့ ပါတီကြီးတခုဖြစ်လာရင် လူဆိုတာသေမျိုးမို့ ပါတီရဲ့ အရှည်သဖြင့် ခိုင်မာမှုပါ အားနဲလာနိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အတွေးအခေါ် အမျှော်အမြင်တွေကိုပါတီထဲမှာ၊ ပြည်သူထဲမှာ ကျယ်ကျယ်ပြန့်ပြန့်သွန်သင်ချပြဖို့လိုမယ်ထင်ပါတယ်။ ဒီမိုကရေစီဆိုတဲ့ အတွေးအခေါ်ကို နက်နက်ရှိုင်းရှိုင်းနားလည် အမြစ်တွယ်လာအောင်၊ ဒီမိုကရေစီ အတွေးအခေါ်ကို ပြည်သူတွေ အလွယ် တကူနားလည်နိုင်အောင်၊ နှစ်နှစ်ကာကာလဲ ယုံကြည်လာကြအောင် ဆက်လက်သင်ကြားပို့ချနိုင်တဲ့ လူငယ်တွေ ထောင်နဲ့သောင်းနဲ့ သိန်းနဲ့ သန်းနဲ့ချီပြီးရှိလာအောင် မလုပ်နိုင်ဘူးလား ဆိုတာကိုစဉ်းစားစေချင်ပါတယ်။ စဉ်းစားစေချင်ပါတယ်လို့ လျော့လျော့ပေါ့ပေါ့ပြောရတာက တကယ်လက်တွေ့မှာ အပြင်ကနေ ကျနော်တို့ ဖြစ်စေခြင်တာတွေလျောက်လျောက်ပြောတိုင်းလဲ လက်တွေ့မှာ အခက်အခဲတွေ ရှိရှိနေတတ်လွန်းလို့ပါ။ တကယ်ဆိုရင် လုပ်လို့ရကိုရရမယ်လို့ ယုံကြည်ရင် တကယ် ဖြစ်လာနိုင်တဲ့ဟာတွေပါ။

**CW** ။ ။ **CHIN WORLD** ကနေတဆင့် အားလုံးကို ပြောခြင်တာဘာများရှိပါသလဲ။

**K.K.L** ။ ။ ဒေသ အမျိုးမျိုးအခြေအနေအမျိုးမျိုးကိုထိပ်တိုက်ရင်ဆိုင်နေရတဲ့ လူမျိုးအခြေခံ၊ ဒေသ အခြေခံတဲ့ ပါတီအဖွဲ့အစည်းတွေ အနေနဲ့ လူမျိုး၊ ဒေသ၊ ပါတီအဖွဲ့အစည်းဆိုတဲ့ အတားအဆီးတွေ၊ တံတိုင်းတွေကိုဖြတ်ကျော်သွား နိုင်ပြီး၊ ဗမာ အပါအဝင်လူမျိုးပေါင်းစုံ ပြည်သူတွေ အတူတကွ ယုံကြည်လက်ခံနိုင်တဲ့ ဒီမိုကရေစီအတွေးအခေါ် လှုပ်ရှားမှု မရှိရင် ဒီမိုကရေစီတော်လှန်ရေးကြီးကလဲ နာမည်သာရှိပြီးရေစုံမျောနိုင်တယ်ဆိုတာကို အလေးအနက်သတိပေး နှိုးဆော် ပြောကြားလိုက် ချင်ပါတယ်။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

*ဒီမိုကရေစီ တော်လှန်ရေးမှာ ချင်းလူမျိုးတွေဟာ ရွေးကောက်ပွဲကို တနည်းနည်းနဲ့ဆန့်ကျင်တဲ့နေရာမှာပါဝင်ကြပါ။*

*အဖြည့်ခံရွေးကောက်ပွဲဝင် ပါတီတွေကို တဖြည်းဖြည်းချင်း အပြစ်အမျိုးမျိုးရှာပြီး၊ ဖျက်သိမ်းသွားမှာပါ။*

## ပြည်သူများကို သမိုင်းပေးတာဝန်ကျေရန် တိုက်တွန်းသော – Pu Nang Lian Thang

*(Pu nang Lian Thangသည် တက္ကသိုလ်ကျောင်းသားဘဝ၊ ၈၈၈၈ အရေးအခင်းများတွင်လည်း ချင်းအမျိုးသားများကို ဦးဆောင်ပါဝင်ခဲ့သူတဦးဖြစ်ကာ– လက်ရှိတွင် Chin National Community-Japan (CNC-Japan)၏ ဥက္ကဌအဖြစ် တာဝန်ယူဦးဆောင်နေသူတဦးဖြစ်သည်)*



**CW**။ ။ ၂၀၁၀ရွေးကောက်ပွဲဟာ မြန်မာပြည်သူများနဲ့ ချင်းပြည်သူလူထုအတွက် သပိတ်မှောက်ဆန့်ကျင်သင့်တယ်လို့ ဆိုတဲ့လူတွေနဲ့ ရွေးကောက်ပွဲဝင်သင့်တယ်ဆိုတဲ့ အယူအဆနှစ်မျိုးဖြစ်နေပါတယ်။ အန်ကယ့်အမြင်ကိုလည်း သိပါရစေ။

**NLT**။ ။ နိုဝင်ဘာလ(၇)ရက်နေ့မှာကျင်းပမယ့်ရွေးကောက်ပွဲကို သပိတ်မှောက် ဆန့်ကျင်သင့်တယ်လို့ မြင်ပါတယ်။ အကြောင်းကတော့ စစ်မှန်တရားမျှတတဲ့ ဒီမိုကရေစီရွေးကောက်ပွဲမဟုတ်တဲ့ အတွက်ဖြစ်တယ်။ ဒီရွေးကောက်ပွဲရလဒ်ဟာ တိုင်းရင်းသားပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို အာမခံချက်မပေးနိုင်ပါဘူး။ စစ်အာဏာရှင်တွေ စနစ်တကျရေရှည်အုပ်ချုပ်နိုင်ဖို့အတွက် ဖန်တီးထားတဲ့ရွေးကောက်ပွဲပဲဖြစ်တယ်။

**CW** ။ ။ အန်ကယ့်အနေနဲ့ ဒီရွေးကောက်ပွဲကို ဘာကြောင့် သပိတ်မှောက်သင့်တယ်လို့ မြင်တာလဲ ။

**NLT** ။ ။ ၂၀၁၀ ရွေးကောက်ပွဲအကြောင်းကို ဆွေးနွေးမယ်ဆိုရင် ၂၀၁၀ ရွေးကောက်ပွဲဥပဒေ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မြန်မာ့နိုင်ငံရေးသမိုင်းဖြစ်စဉ်တွေကို အသေအချာ အရင်ဆွေးနွေး သင့်တယ်။ ဒါတွေကို အသေအချာသုံးသပ်ပြီးမှ ရွေးကောက်ပွဲကို ဘယ်လိုပဲဖြစ်ဖြစ် သပိတ်မှောက်သင့်တယ်လို့နားလည် နိုင်မှာပါ။ သမိုင်းဖြစ်စဉ်နဲ့လုပ်သင့်လုပ်ထိုက် တာကို ဘယ်လိုလုပ်ကြမယ်ဆိုတာကို အရင်ဆွေးနွေးချင်တာပါ။

ဒီ၂၀၁၀ ရွေးကောက်ပွဲဟာ စစ်အာဏာရှင်များဖြစ်တဲ့ (န.ဝ.တ)(န.အ.ဖ)တို့ရဲ့ လမ်းပြမြေပုံ(၇)ဆင့်အရ အကောင်အထည်ဖေါ်နေတဲ့ လမ်းစဉ်ဖြစ်တာကို အရင်သိထားဖို့လိုတယ်။ ၁၉၈၈ ခုနှစ် ပြည်သူလူထုရဲ့ ဒီမိုကရေစီအရေး တောင်းဆိုတဲ့လူထုအုံကြွမှုကြီးက မ.ဆ.လ. တစ်ပါတီစစ်အာဏာရှင်အစိုးရကို ဖြုတ်ချနိုင်ခဲ့တယ်။ သူတို့က ရွေးကောက်ပွဲ လုပ်ပေးမယ်… အာဏာလွှဲပေးမယ်၊ တပ်မတော်ဟာ စစ်တန်းလျားပြန်မယ် – ဆိုပြီး၊ ပါတီတွေဖွဲ့ခွင့်ပေးတယ်၊ ၁၉၉၀ ရွေးကောက်ပွဲကျင်းပတယ်၊ သူတို့ထင်သလိုဖြစ်မလာတော့၊ လွှတ်တော်ခေါ်မပေးဘဲ၊ အတုအယောင်အမျိုးသားညီလာခံ ကိုကျင်းပပြီး၊ အချိန်ဆွဲလိုက်တာ၊ ၂၀၀၈ ခုနှစ် မေလမှာ သူတို့စိတ်တိုင်းကျရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအဓမ္မအတည်ပြုကြတယ်။ ဒါ အားလုံးအသိပဲလေ…၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြည်လုံးကျွတ်ဆန္ဒခံယူပွဲတုန်းက ချင်းပြည်နယ်မှာ ကန့်ကွက်မဲအများဆုံးဖြစ်ခဲ့တာပဲ။ တပြည်လုံးက ၉၂%က ထောက်ခံတယ်ဆိုပြီး၊ အတင်းအဓမ္မအတည် ပြုပြဌါန်းခဲ့တာ

www.chinland.info

ပါ။ ဒီဥပဒေထဲမှာ ဘာတွေပါပြီး၊ ဘာတွေက မတရားဘူးလဲလို့ ပြောရမယ်ဆိုရင်များလွန်းပါတယ်။ ဒီအကြောင်းကို ရေးထားတဲ့စာတွေကလည်း များလွန်းလို့ရှာဖတ်ဖို့မခက်ပါဘူး။ အသေးစိတ်မဆွေးနွေးတော့ဘဲ၊ လိုရင်း ပြောရရင် ပြည်သူလူထုတောင်းဆိုထားတဲ့စစ်မှန်တဲ့ ဒီမိုကရေစီမဟုတ်ဘူး၊ ပြည်သူတွေ ၁၉၉၀ ရွေးကောက်ပွဲကနေ ရွေးချယ်ခဲ့တဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားပါတီများရဲ့အနိုင်ရလွှတ်တော်အမတ်များနဲ့ ရေးဆွဲထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမဟုတ်ဘူးလို့ ပြောရမှာပဲ။ စစ်အာဏာရှင်တစ်စုက သူတို့စိတ်တိုင်းကျရေးဆွဲထားတဲ့ ဥပဒေအရ ကျင်းပရမယ့်ရွေးကောက်ပွဲဖြစ်တယ်လို့ပဲ ပြောချင်ပါတယ်။

ဒီတော့ ပြည်သူလူထုတောင့်တလိုချင်တဲ့ ဒီမိုကရေစီလမ်းကြောင်းနဲ့၊ စစ်အာဏာရှင်တွေရေးဆွဲတဲ့လမ်းပြမြေပုံ (၇)ဆင့်အတိုင်းသွားနေတဲ့ရွေးကောက်ပွဲဟာ လုံးဝမတူတဲ့အတွက် ဆန့်ကျင်ကန့်ကွက်သင့်တယ်လို့ ပြောချင်တာပါ။

CW ။ ။ အန်ကယ်ပြောတာတော့ ဟုတ်ပါပြီ။ အနိုင်ရပါတီများနဲ့ ဒီမိုကရေစီအင်အားစုများဟာ အနှစ် ၂၀ ကျော်ကြာလည်း၊ ဘာထူးလာအောင်လုပ်နိုင်လို့လဲ။ မတရားတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုပေမယ့် ရွေးကောက်ပွဲလုပ်ပေးမယ်၊ ပါတီတွေဖွဲ့ခွင့်ပေးတယ်။ အချင်းချင်းတင်းနေမယ့်အစား ရွေးကောက်ပွဲကျင်းပခြင်းဖြင့်၊ တဖြေးဖြေးပြောင်းလဲလာမယ်ဆိုတဲ့အမြင်ကိုလက်မခံနိုင်ဘူးလား။ ဒီမိုကရေစီရဖို့ရွေးကောက်ပွဲကို မလွဲမသွေဖြတ်သန်းရမယ်လို့ဆိုကြတယ်လေ။

NLT ။ ။ ဒီမိုကရေစီနဲ့ရွေးကောက်ပွဲဆိုတာ ဒွန်တွဲနေတာမှန်ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲတိုင်းဟာ ဒီမိုကရေစီအတွက် မဟုတ်ဘူးဆိုတာလည်းသိဖို့လိုပါတယ်။

၁၉၆၂ ခုနှစ် မတ်လ(၂)ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်ပြီး၊ ပါလီမန်ဒီမိုကရေစီအစိုးရဝန်ကြီးချုပ်ဦးနုဆီက အာဏာကိုသိမ်းခဲ့တယ်။ ၁၉၆၂ ခုနှစ်ကနေပြီး၊ ၁၉၇၄ အထိ တော်လှန်ရေးကောင်စီခေါ် စစ်အစိုးရက အုပ်ချုပ်ခဲ့တယ်။ ၁၉၇၄ ကနေပြီး၊ ဖွဲ့စည်းပုံအသစ်ကို အတည်ပြုပြီး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဦးဆောင်မှုအောက်မှာ ပါတီ၊ ကောင်စီရွေးကောက်ပွဲတွေ၊ လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲတွေကျင်းပပြီး၊ အစိုးရအဆင့်ဆင့်ကို ဖွဲ့စည်းခဲ့တယ်။ ဒီရွေးကောက်ပွဲတွေနဲ့ အစိုးရအဆင့်ဆင့်ဟာ စစ်အာဏာရှင်များကကြိုးကိုင်ထားတဲ့ အုပ်ချုပ်ရေးစနစ်သာဖြစ်ခဲ့တာပါ။

၁၉၈၈ ကနေပြီး (န.ဝ.တ/န.အ.ဖ)စစ်အစိုးရတက်လာပြီး၊ စစ်အာဏာရှင်များရဲ့အုပ်ချုပ်မှုအောက်မှာ မြန်မာနိုင်ငံ ကျရောက်ခဲ့ရတယ်။ အခု ၂၀၁၀ ကနေ ရွေးကောက်ပွဲကျင်းပမယ်၊ ဒီရွေးကောက်ပွဲကနေ ပေါ်ထွက်လာမယ့် လွှတ်တော် အမတ်တွေနဲ့အစိုးရကလည်း ၂၀၀၈ဖွဲ့စည်းပုံကို လက်ခံတဲ့ပါတီများနဲ့သာ သက်ဆိုင်တဲ့ ရွေးကောက်ပွဲဖြစ်တယ်။ စစ်အာဏာရှင်အုပ်ချုပ်ရေး သက်ဆိုးရှည်ဖို့အတွက် ဥပဒေက အကာအကွယ်ပေးထားတဲ့အကြောင်းကိုအသေးစိတ်ရှင်းပြ နေမယ်ဆိုရင် ဆုံးနိုင်မှာမဟုတ်တော့ပါဘူး။

ပါတီကောင်စီခေတ်မှာ ပြည်သူ့လွှတ်တော်ထဲမှာလည်း ဘာမှပြောလို့မရပါဘူး။ အမှန်အတိုင်းပြောတဲ့သူလည်း အရေးယူခံရတာဘဲ။

အခုဟာက စစ်တပ်က ၂၅%ကို တရားဝင်ယူတဲ့အပြင်၊ ၇၅%ကလည်း လူဝတ်လဲထားတဲ့စစ်တပ်နဲ့ စစ်အာဏာရှင်များရဲ့ ပြည်ခိုင်ဖြိုး (ကြံ့ဖွံ့) က ပြည်သူ့လွှတ်တော်၊ ပြည်နယ်အစိုးရတွေမှာလွှမ်းမိုးထားတာ။ အဖြည့်ခံရွေးကောက်ပွဲဝင် ပါတီတွေကို တဖြည်းဖြည်းချင်း အပြစ်အမျိုးမျိုးရှာပြီး၊ ဖျက်သိမ်းသွားမှာပါ။

CW ။ ။ အနှစ် ၂၀ ကျော်မှာ ဒီမိုကရေစီလိုလားတဲ့အုပ်စုက ဘာမှမတတ်နိုင်တော့ဘူး။ စစ်အာဏာရှင်များကို ဆန့်ကျင်အနိုင်ယူဖို့မလွယ်ဘူးလို့မြင်တာလား…။

NLT ။ ။ ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲ၊ ဒီအနှစ် ၂၀ ကျော်အတွင်းမှာ မြန်မာ့နိုင်ငံရေးကို ကမ္ဘာ့ ကုလသမဂ္ဂညီလာခံမှာ ဆွေးနွေးတာ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီအထိ ရောက်တာ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့မိတ်ဆွေနိုင်ငံများနဲ့ဆောင်ရွက်နေတဲ့ကိစ္စ၊ ဒါတွေဟာ တိုးတက်မှုတစ်ခုပေါ့။ နိုင်ငံတကာမှာ မြန်မာ့အရေးကိုလှုပ်ရှားတဲ့ အဖွဲ့အစည်းများရဲ့ လှုပ်ရှားမှုအရှိန်မြင့်မားလာမှုတွေက အရင်ကထက်များစွာထိရောက်နေပါတယ်။

စစ်အစိုးရရဲ့အခြေအနေက အနှစ် ၂၀ အတွင်းမှာ အကြီးအကျယ်အားနည်းလာတာကို တွေ့နေရတာပဲ။ လက်နက်ကိုင်တပ်ဖွဲ့များအတွင်းမှာ စားဝတ်နေရေးအကြပ်အတည်းတွေ၊ အထွေထွေမကျေနပ်မှုတွေက တဖြေးဖြေး များလာတယ်။ တပ်ထွက်၊ တပ်ပြေးတွေကများလာတယ်။

စစ်အာဏာရှင်တွေရဲ့ သဘောသဘာဝကတော့ လွယ်လွယ်နဲ့ဆင်းပေးရိုးထုံးစံမှမရှိတာ။ ဒါကို တို့တတွေက ရက်စက်ကြမ်းကြုတ်တဲ့စစ်အာဏာရှင်တွေကို ကြောက်ကြောက်နဲ့ပဲ နည်းလမ်းပေါင်းစုံနဲ့ဆန့်ကျင်နေဖို့လိုတယ်။ ၁၉၈၈ ခုနှစ် အခြေအနေနဲ့စာရင် ဒီအချိန်ဟာ ပြည်သူတွေဘက်က အဖက်ဖက်က တပန်းသာနေပါပြီ။

ဒီရွေးကောက်ပွဲကို သူတို့က မတရားတဲ့နည်းလမ်းပေါင်းစုံနဲ့ အနိုင်ရဖို့လုပ်ထားတာပဲ။ တို့တတွေက မဲပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ သူတို့က အနိုင်ကျေညာမှာသေချာပါတယ်။

မဲပေးနိုင်ခွင့်ရှိတဲ့သူများအနေနဲ့ မဲမပေးဘဲ နေချင်ရင် နေနိုင်ခွင့်ရှိတယ်။ တကယ်လို့ အသက်အန္တရာယ်စိုးရိမ်ရလို့ မဲပေးရမယ်ဆိုရင်လည်း၊ ပယ်မဲဖြစ်အောင်လုပ်ကြဖို့လိုတယ်။

**CW**။ ။ ကိုယ့်ဒေသအတွင်းမှာ ချင်းလူမျိုးတွေ ကိုယ့်ကိုကိုယ် အုပ်ချုပ်နိုင်ဖို့ ရွေးကောက်ပွဲဝင်သင့်တယ်ဆိုတဲ့ အယူအဆကို ဘယ်လိုမြင်ပါသလဲ။

**NLT** ။ ။ အန်ကယ်ပြောခဲ့ပြီးပြီပဲ။ တော်လှန်ရေးကောင်စီခေတ်၊ မ.ဆ.လ.ခေတ်၊ န.ဝ.တ./န.အ.ဖ.ခေတ်မှာလည်း တိုင်းရင်းသားအသီးသီးထဲမှာ စစ်အာဏာရှင်ဘက်တော်သားတွေရှိတာပဲလေ။

သူတို့အချင်းချင်းရွေးကောက်ပွဲဝင်တာ၊ တို့တတွေ မတတ်နိုင်ဘူးလေ။ ဒါပေမယ့် အန်ကယ်တို့က ဒီမို ကရေစီလိုချင်တယ်။ စစ်အာဏာရှင်စနစ်ကို မကြိုက်ဘူးဆိုရင် ကိုယ်က ပြတ်ပြတ်သားသားရပ်တည်ဖို့ လိုတယ်။

ဥပမာတစ်ခုပြောရရင် တော်လှန်ရေးကောင်စီခေတ်မှာ (၃၃)ဦး နိုင်ငံရေးအကြံပေးအဖွဲ့ကိုဖွဲ့ပြီး၊ နိုင်ငံရေးအကြံ ပြုစာတမ်းတင်ခိုင်းတယ်။ ဗိုလ်ချုပ်နေဝင်းအနေနဲ့ အာဏာပြန်လွှဲပေးဖို့ ဦးနုနဲ့အတူ ပြတ်ပြတ်သားသားတောင်းဆိုလာခဲ့တဲ့ ဝန်ကြီးဦးလွန်ပုမ်လို ချင်းနိုင်ငံရေးသမားတွေရှိခဲ့တာပဲ။ ချင်းလူငယ်အကြံပေးချက်စာတမ်းကို ရဲရဲရင့်ရင့်လက်မှတ်ရေးထိုးပြီး၊ အကြံပေးခဲ့ကြတဲ့ ချင်းနိုင်ငံရေးသမားလူငယ်များလည်းရှိခဲ့တာပဲ။ ၈၈၈၈ ကာလမှာ ဝန်ကြီးချုပ်ဟောင်းဦးနုက စင်ပြိုင်အစိုးရတောင်းတဲ့အခါ၊ စင်ပြိုင်အစိုးရအဖွဲ့ဝင်အဖြစ်ပြတ်ပြတ်သားသား ရပ်တည်သွားတဲ့ ဦးဝုမ်ခေါ်ဟောက်လို ပုဂ္ဂိုလ်တွေလည်းရှိတာပဲ။ ၁၉၉၀ ရွေးကောက်ပွဲမှာပါဝင်ပြီး အနိုင်ရခဲ့တဲ့ **CNLD, ZNC, MPP** ပါတီတွေကို မတရားအဖျက်သိမ်းခံရပေမယ့်၊ ဒီနေ့အထိ ဆက်လက်ရပ်တည် လှုပ်ရှားနေတဲ့ ပါတီတွေရှိနေတာပဲ။ **CRPP** မှာ ပူကျင်ရှင်းထန်တို့ ပူထောင်းခိုထန်တို့လို ဘဝတစ်ခုလုံးကိုစွန့်လွှတ်ပြီး၊ ရပ်တည်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေရှိနေတာပဲ။

အန်ကယ်တို့ချင်းလူမျိုးတွေဟာ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးနဲ့ စစ်အာဏာရှင်စနစ်လက်အောက်က လွတ်မြောက်ရေးအတွက် ဒီ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ဆန့်ကျင်ရေးမှာ တနည်းမဟုတ် တနည်းနည်းနဲ့ ပါဝင်တာဟာ သမိုင်းပေးတာဝန်တစ်ခုဖြစ်တယ်လို့ ခံယူစေချင်တယ်။

၁၉၉၀ခုနှစ်မှာ ရွေးကောက်ပွဲဝင်ပြီး၊ မတရားအဖျက်သိမ်းခံရတဲ့ ပါတီများဖြစ်တဲ့ **CNLD, ZNC, MPP** ပါတီ ခေါင်းဆောင်များနဲ့ ပါတီဝင်များဟာလည်း မိမိတို့ရဲ့နိုင်ငံရေးသမိုင်းကို နိဂုံးချုပ်မှာလား၊ ဆက်လက်တိုက်ပွဲဝင်မှာလား ဆိုတာကို ချင်းပြည်သူလူထုကို ပြတ်ပြတ်သားသားအသိပေးကျေညာရမယ့် နောက်ဆုံးနေ့ဟာ ၂၀၁၀ နိုဝင်ဘာ(၇)ရက် ဆိုတာကို မမေ့စေချင်ဘူး။

စစ်အစိုးရကျောထောက်နောက်ခံပြုပါတီများကလွဲလို့ မိမိတို့ဆန္ဒအလျောက် ပါတီထောင်ပြီး၊ ရွေးကောက်ပွဲဝင်ပြီး ရသလောက်အခွင့်အရေးနဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲမယ့် ပါတီခေါင်းဆောင်များနဲ့ ပါတီဝင်များအနေနဲ့ ပြန်လည်စဉ်းစားဖို့ ရက်ပိုင်းပဲလိုတော့တယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တိုင်းရင်းသားများရဲ့တန်းတူအခွင့်အရေးကို အာမခံချက်မပေးဘူး။ ပင်လုံစာချုပ်ပါသဘောတူညီချက်တွေကိုလည်း တရားဝင်ဖျက်သိမ်းရာရောက်တယ်ဆိုတာကို သိသိကြီးနဲ့ ဒီဥပဒေကြီးကို သစ္စာခံပြီးရွေးကောက်ပွဲမဝင်သင့်ပါဘူး။ သိရက်နဲ့သဘောမတူသင့်ပါဘူး။ ရွေးကောက်ပွဲကော်မီရှင်ရဲ့ ရွေးကောက်ပွဲ ဥပဒေများနဲ့နည်းဥပဒေများက လုံးဝမတရားဘူးဆိုတာကို တစတစပိုပြီး၊ ခံစားနေကြရပြီမဟုတ်လား။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာရဲ့အသိအမှတ်ပြု ထောက်ခံမှုကို လုံးဝမရနိုင်တဲ့အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို လစ်လျူရှုထားတဲ့ ဒီရွေးကောက်ပွဲကြီးကို အချိန်မီစွန့်လွှတ်ခြင်းဟာ အမှန်မြတ်ဆုံးသောနိုင်ငံရေးပါတီများရဲ့လုပ်ဆောင်ချက်ဖြစ်တယ်။

နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ပေးခြင်းမရှိတဲ့ရွေးကောက်ပွဲဟာ တရားမျှတမှုလုံးဝမရှိနိုင်ဘူး။ နိုင်ငံတကာစံချိန်စံညွှန်းနဲ့မကိုက်ညီတဲ့ရွေးကောက်ပွဲဖြစ်တယ်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင်

www.chinland.info

အထည်မပေါ်တဲ့ စစ်အာဏာရှင်များဟာ ၂၀၁၀ရွေးကောက်ပွဲမှာလည်း အတိုက်အခံနိုင်ငံရေးပါတီများရဲ့ အနိုင်ရနိုင်ခြေအခွင့်အလမ်းများ အားလုံးကို နည်းမျိုးစုံနဲ့ ပိတ်ဆို့ဖျက်ဆီးနေတာကို သိသင့်နေပါပြီ။
၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီများက နှစ်ပေါင်း ၂၀ ကျော် စစ်အာဏာရှင်များကို ရင်ဆိုင်ပြီး၊ အခက်အခဲ တွေကိုကျော်လွှားပြီး၊ ဒီနေ့ ပြည်သူလူထုနဲ့အတူ သစ္စာရှိရှိရပ်တည်နေတာပါ။
ရွေးကောက်ပွဲဝင်ဖို့ မှတ်ပုံတင်ထားတဲ့ ချင်းနိုင်ငံရေးပါတီများအနေနဲ့ အမှန်တကယ် ချင်းပြည်သူလူထုကို ကိုယ်စားပြု ရပ်တည်လိုတဲ့ နိုင်ငံရေးပါတီများဖြစ်လာရင် စစ်အာဏာရှင်များ မတရားအုပ်စီးထားတဲ့ လွှတ်တော်ကို ချဉ်းကပ်နိုင်မှာ မဟုတ်ဘူးဆိုတာ သိသင့်တယ်။ ရွေးကောက်ပွဲကို ဆန့်ကျင်သပိတ်မှောက်ကြောင်း၊ အချိန်မီကျေညာပြီး၊ ပြည်သူလူထုနဲ့ အတူရပ်တည်သင့်တယ်လို့ အဆိုပြုချင်ပါတယ်။

**CW**။ ။ ရွေးကောက်ပွဲကိုဆန့်ကျင်သပိတ်မှောက်ဖို့ပဲပြောပြီး၊ ဖြစ်မလာရင် ချင်းပြည်သူလူထုက ဘာဆက်လုပ်ရမှာလဲဆိုတာကို သိချင်ပါတယ်။

**NLT** ။ ။ ချင်းလူမျိုးတွေဟာ အမှန်တရား၊ သစ္စာတရားကိုပဲ နှစ်သက်ပါတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီကိုလိုလားတယ်။ ဒါဟာအမှန်တရားဖြစ်တယ်။ အမှန်တရားဟာ တစ်နေ့ အောင်ပွဲ ခံမှာဖြစ်ပါတယ်။ ရှေးအခါက ကမ္ဘာကြီးပြားတယ်လို့ ဝန်မခံရင်အသတ်ခံရတယ်၊ ကမ္ဘာကြီးလုံးကြောင်းအမှန်တရားကို ပြောတဲ့လူဟာ အသတ်ခံရတာပဲ။ နောက်ဆုံးတော့ အမှန်တရားကအောင်ပွဲခံတာပဲလေ။
*စစ်အာဏာရှင်စနစ်နဲ့ ဒီမိုကရေစီစနစ်နှစ်ခုမှာ တစ်နေ့တော့ ဒီမိုကရေစီကအနိုင်ရမှာပါ။ အခု ဒီမိုကရေစီတော်လှန်ရေးမှာ ချင်းလူမျိုးတွေဟာ ရွေးကောက်ပွဲကို တနည်းနည်းနဲ့ဆန့်ကျင်တဲ့နေရာမှာပါဝင်ကြပါ။ ရွေးကောက်ပွဲကို ဆန့်ကျင် ပြီးရင်၊ ပြည်သူတွေဘာဆက်လုပ်တယ်ဆိုတာကို ကြည့်ပြီး၊ ကိုယ်လည်း ပြည်သူတစ်ဦးအနေနဲ့ သမိုင်းပေးတာဝန်ကျေတဲ့ အလုပ်တစ်ခုခုမှာ ပူးပေါင်းပါဝင်ကြစေချင်ပါတယ်။*

****************************

www.chinworld.info

*တိုင်းရင်းသားဒေသတွေရဲ့ သဘာဝသယံဇာတတွေအပေါ်မှာ ပြောဆိုပိုင်ခွင့် ဘာမှမရှိပါဘူး။ နောက်ပြီး စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်တွေအားလုံးမှာလည်း စစ်အစိုးရရဲ့ ဝင်ရောက်စွက်ဖက်–ကန့်ကွက်ပိတ် ပင်မှုတွေက နဂိုနေမြဲ အတိုင်းပဲ ဆက်လက် တည်ရှိနေဦးမှာပါပဲ*

*လူမှုရေးအလုပ်တွေ၊ လူထုအကျိုးပြုအလုပ်တွေ လုပ်ချင်ရင် ရွေးကောက်ပွဲ မဝင်ပဲနဲ့ လုပ်လို့ အများ ကြီးရှိပါတယ်။*

## **လူမှုရေးလုပ်ဖို့ ရွေးကောက်ပွဲဝင်စရာ မလိုပါဘူး** လို့ ပြောသော– **Mai Cheery Zahau**

(Mai Cheery Zahau သည် အထင်ရှားဆုံးသော ချင်းအမျိုးသမီး တက်ကြွလှုပ်ရှားသူတဦးဖြစ်သည်)




C W။ ။ စစ်အစိုးရရဲ့ ၂၀၁၀ ရွေးကောက်ပွဲအပေါ်မှာ ရဲ့ အမြင်ကို သိလိုပါတယ်။

C Z ။ ။ စစ်အစိုးရရဲ့ ၂၀၁၀ ရွေးကောက်ပွဲဟာ ပြည်တွင်းမှာရှိတဲ့လူထုနဲ့ နိုင်ငံတကာ မိသားစုတွေမှာ တရားဝင် အစိုးရဖြစ်ကြောင်း လိုချင်တဲ့အတွက် ပြုလုပ်တဲ့ ရွေးကောက်ပွဲမျှသာဖြစ်ပါတယ်။ ဒီမိုကရေစီကို သွားဖို့ရည် ရွယ်တဲ့ လမ်းကြောင်းမဟုတ်ဘဲနဲ့ စစ်အုပ်ချုပ်ရေးပိုမို ခိုင်မာဖို့ရန်အတွက်သာလျှင်ဖြစ်ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲဝင်တဲ့သူတွေကိုတော့– မတိုက်ခိုက်၊ မဝေဖန်လိုပါဘူး။ သူတို့စိတ်ကူးနဲ့သူတို့ရည်မှန်းချက်နဲ့ ဝင်ကြတယ်လို့ပဲ ပြောပါရစေ။

C W။ ။ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်သူတွေက– ဒီရွေးကောက်ပွဲလမ်းစဉ်ကလွဲလို့ ဒီမိုကရေစီရရှိရေးအတွက် တခြားဘာလမ်း ကြောင်းမှ မရှိပါဘူးလို့ ပြောကြပါတယ်။ ဒီအပေါ်မှာ ဘယ်လိုမြင်ပါသလဲ။

C Z ။ ။ ဒီမိုကရေစီရဲ့ ဖြစ်စဉ်မှာ– ရွေးကောက်ပွဲဟာ လမ်းစဉ်တခုတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဒီရွေးကောက်ပွဲ ဟာ ဘယ်ဒီမိုကရေစီကို သွားမယ်ဆိုတာကို ကံသေကံမ ဘာမှပြောလို့ မရပါဘူး။ နောက်ပြီးတော့– ဒီရွေး ကောက်ပွဲကို သွားတဲ့လမ်းကြောင်းကိုလည်း ကြည့်ပြီး အများကြီး စဉ်းစားစရာရှိပါတယ်။ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ်တွေ၊ နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ အစရှိတဲ့သူတွေရဲ့ အသံ တွေနဲ့ ရေးဆွဲထားတဲ့ဖွဲ့စည်းပုံမဟုတ် ပါဘူး။ စစ်သားတွေနဲ့ စစ်တပ်အလိုကျသာရေးဆွဲထားတာပါ။
နောက်ပြီး National Defense and Security Council (NDSC) ကလည်း– အရေးပေါ်အခြေအနေမှာ ကြိုက်သလိုလုပ်ခွင့်ရှိတဲ့အနေအထားမျိုးမှာ ဖြစ်ပြန်၊ ပြီးတော့ ဒီအထဲမှာပါတဲ့ အဖွဲ့ဝင် (၁၁) ယောက်မှာ– (၆) ယောက်က စစ်တပ်ထဲကဖြစ်ပြီး၊ ကျန်တဲ့ (၅) ယောက်ကလည်း စစ်တပ်နဲ့ပတ်သက်ဆက်နွယ်သူတွေ ကြီးပဲဖြစ်တယ်။ တိုင်းရင်းသား တွေပါဖို့ကတော့ ဝေလာဝေးပါ။
နောက် ၂၀၀၈ ဖွဲ့စည်းပုံရဲ့ article 445 အရ စစ်သားတွေကို တရားရုံးမှာ တရားစွဲဆိုနိုင်ခွင့်မရှိဘဲ၊ သူတို့ စစ်ဘက်ဆိုင်ရာ တရားရုံးကနေပဲ အရေးယူခွင့်ရှိပြန်တယ်။

Ethnic/region တွေရဲ့ chief minister ကိုလည်း သမ္မတကသာလျှင်– ခန့်အပ်တာဝန်ပေးမှာဖြစ်ပြန်တယ်။
တိုင်းရင်းသားဒေသတွေရဲ့ သဘာဝသယံဇာတတွေအပေါ်မှာ ပြောဆိုပိုင်ခွင့် ဘာမှမရှိပါဘူး။ နောက်ပြီး စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်တွေအားလုံးမှာလည်း စစ်အစိုးရရဲ့ ဝင်ရောက်စွက်ဖက်–ကန့်ကွက်ပိတ်ပင်မှုတွေက နဂိုနေမြဲ အတိုင်းပဲ ဆက်လက် တည်ရှိနေဦးမှာပါပဲ။

C W ။ ။ ရွေးကောက်ပွဲဝင်တဲ့ နိုင်ငံရေးသမားတချို့က– နိုင်ငံရေးအရ ဘာမှမလုပ်ကောင်းမလုပ်နိုင်ပေမယ့် လူထုအတွက် လူမှု ရေးလုပ်ချင်လို့ ရွေးကောက်ပွဲဝင်ရတာပါလို့ ပြောတာတွေလည်း ရှိပါတယ်။

C Z ။ ။ လူမှုရေးအလုပ်တွေနဲ့– နိုင်ငံရေး ဒါမှမဟုတ် ရွေးကောက်ပွဲဝင်ခြင်းတွေဟာ တူညီသယောင်၊ မှန်သယောင်ထင်ရပေမယ့် မဟုတ်ပါဘူး။ လူမှုရေးအလုပ်တွေ၊ လူထုအကျိုးပြုအလုပ်တွေ လုပ်ချင်ရင် ရွေးကောက်ပွဲမဝင်ပဲနဲ့ လုပ်လို့ အများ ကြီးရှိပါတယ်။ နောက်ပြီး– လို့ပြောရင်– ဒါဟာ မူဝါဒတွေမှားယွင်းမှုကြောင့် လူထုထိခိုက်နစ်နာကြုံတွေ့ရတာတွေကို ကန့်ကွက်ရဲဖို့လည်း လိုပါတယ်။ ဥပမာ– **Cambodia, Timor Leste, Congo** အစရှိတဲ့ နိုင်ငံတွေကို ကျမတို့ကြည့်တဲ့ အခါမှာ– **social works, humanitarian works** တွေ **NGOs** အများကြီး သူတို့လုပ်ကြပေမယ့်– လူထုရဲ့ ဆင်းရဲဒုက္ခ အခက်အခဲတွေက မလျော့နည်းသွားပါဘူး။ ဒါတွေဟာ နိုင်ငံရေးအရ စစ်မှန်တဲ့ ပြောင်းလဲမှု မရှိတဲ့အတွက်ကြောင့်သာ လျှင် ရှိပါတယ်။ ဘယ်သူတွေအတွက်– ကျမတို့လုပ်ပေးနေရသလဲ။ ဘယ်သူတွေ အကျိုးအမြတ်ခံစားရသလဲ။ လူ့အခွင့်အရေးရှုထောင့်နဲ့ စံချိန်စံညွှန်းတွေနဲ့ ကိုက်ရဲ့လားဆိုတာတွေကို ကျမတို့ကြည့်ရပါမယ်။

C W ။ ။ ချင်းလူထုဆီကို ဘာများပြောကြားလိုပါသလဲ။

C Z။ ။ အနှစ် (၂၀) အတွင်းမှာ ပထမဆုံးအကြိမ် ဖြစ်ပေါ်လာတဲ့ ရွေးကောက်ပွဲဖြစ်သော်လည်း– ဘာများကျမတို့ပြည်၊ လူမျိုးအတွက် ကောင်းကျိုးရှိမလဲဆိုတာကို သေချာ စဉ်းစားဖို့လိုပါတယ်။ စစ်အစိုးရရဲ့ ဖျက်ဆီးမှုကြောင့် ချင်းပြည်နယ်က ရစရာမရှိပါဘူး။ တပ်ရင်း (၅၅) ရင်းထက်မနည်း ချင်းတောင်မှာ တပ်စွဲထားတယ်။ လူငယ်တွေကို မတွေးခေါ်တတ်အောင် လုပ်ထားတယ်။ ဘာသာရေး၊ လူမှုရေး အခွင့်အရေးတွေ ဆုံးရှုံးရတယ်။ ဒါကြောင့် ချင်းလူမျိုးတွေ စည်းလုံးညီ ညွတ်စွာဖြင့် တခုခုလုပ်ကြရမှာဖြစ်တယ်။
ဘယ်လိုအစိုးရပဲတက်တက်– ဘယ်သူတွေပဲ နေရာပြောင်း– လူ့အခွင့်အရေးကို မလေးစားပဲ၊ ကျားမတန်းတူရေးကို အလေးမထားဘဲ ငါတကောကောနေရင်တော့– လူထုကလည်းလေးစားမှာမဟုတ်သလို ပြဿနာတွေဟာလည်း ဆက် လက်ရှိနေဦးမှာပါ။

***************************

www.chinworld.info